ကြိုတင် တည်းဖြတ်ထားသော အစီရင်ခံစာ

ဖြန့်ချီ - အများဖတ်ရှုနိုင်ရန်၊
(၂၀၂၀) ခုနှစ်၊ စက်တင်ဘာ (၃)ရက်

မူရင်းဘာသာစကား - အင်္ဂလိပ်

**လူ့အခွင့်အရေး ကောင်စီ**
**(၄၅) ကြိမ်မြောက် အစည်းအဝေး**
(၂၀၂၀) ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့မှ အောက်တိုဘာလ (၂) ရက်နေ့ အထိ
အစီအစဉ် အမှတ် (၂)
**ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး၏ နှစ်အလိုက် အစီရင်ခံစာ နှင့်**
**ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာများ**

# မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မွတ်စလင်များနှင့် အခြား တိုင်းရင်းသား လူနည်းစုတို့၏ လူ့အခွင့်အရေး အခြေအနေ

## ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာ *

*အနှစ်ချုပ်*

ဤအစီရင်ခံစာသည် လူ့အခွင့်အရေး ကောင်စီ အစည်းအဝေး၏ ဆုံးဖြတ်ချက် အမှတ် ၄၂/၃ အရ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) က (၄၅) ကြိမ်မြောက် လူ့အခွင့်အရေး ကောင်စီ အစည်းအဝေးသို့ တင်သွင်းခဲ့သည့် အစီရင်ခံစာ ဖြစ်ပြီး ဤအစီရင်ခံစာမှာ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မွတ်စလင်များနှင့် တိုင်းရင်းသား လူနည်းစုများ၏ အခြေအနေ အပါအဝင် နိုင်ငံအတွင်းရှိ လူ့အခွင့်အရေး အခြေအနေများနှင့် ဆက်စပ်၍ တာဝန်ခံအရေးယူ ဆောင်ရွက်မှုများနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များ အပါအဝင် မြန်မာနိုင်ငံဆိုင်ရာ သီးခြားလွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) ၏ အကြံပြု တိုက်တွန်းချက်များအား အကောင်အထည် ဖော်ဆောင်ခြင်း ကိစ္စနှင့် စပ်လျဉ်း၍ အစီရင်ခံခြင်း ဖြစ်ပါသည်။

* ဤလက်ရှိ အစီရင်ခံစာသည် နောက်ဆုံး ရက်သတ်မှတ်ချက် ပြီးသည့်မှ တင်သွင်းသည့် အတွက် နောက်ဆုံးရ အချက်အလက်များ ပါဝင်ပါသည်။

# ၁။ နိဒါန်း

၁။ ဤအစီရင်ခံစာသည် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အစည်းအဝေး၏ ၄၂/၃ ဆုံးဖြတ်ချက် အရ တင်သွင်းခြင်း ဖြစ်ပြီး သီးခြားလွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) ၏ အကြံပြု တိုက်တွန်းချက်များအား မြန်မာအစိုးရက အကောင်အထည် ဖော်ဆောင်မှု အပေါ် စောင့်ကြည့်လေ့လာစေရန်၊ လူ့အခွင့်အရေး ဆိုင်ရာ တာဝန်ခံရမည့် သူများ အပေါ် စောင့်ကြည့်လေ့လာရန် အပါအဝင် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မွတ်စလင်များနှင့် အခြား တိုင်းရင်းသား လူနည်းစုများ အပါအဝင် နိုင်ငံတွင်းရှိ လူ့အခွင့်အရေး ဆိုင်ရာ ဖြစ်စဉ်များအား ဆက်လက် စောင့်ကြည့်လေ့လာစေရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) အား တာဝန်ပေးချက် အရ အစီရင်ခံ တင်သွင်းခြင်း ဖြစ်ပါသည်။

၂။ ဤအစီရင်ခံစာအား ပင်မ မျက်မြင်သက်သေတို့၏ ထွက်ဆိုချက်များ၊ အစိုးရဌာန၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသား လူမျိုးစုနှင့် ဘာသာရေး လူနည်းစု အသိုင်းအဝန်းမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ ဝါရင့် သတင်းမီဒီယာသမားများ၊ ဘာသာရပ် ဆိုင်ရာ ပညာရှင်များနှင့် အခြား ကျွမ်းကျင်သူများ အပါအဝင် မြောက်များစွာသော ရင်းမြစ်များမှ ပင်မ အချက်အလက်နှင့် ဒုတိယတန်းစား အချက်အလက်များ အပေါ် အခြေခံ၍ ပြင်ဆင် ရေးသားထားခြင်း ဖြစ်ပါသည်။ (OHCHR) သည် မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့် မရရှိပါသော်လည်း လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အကြမ်းဖက်မှု ကျူးလွန်ခံရသူများ အပါအဝင် မျက်မြင် သက်သေပေါင်း ၈၀ ကျော်ကို တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခြင်းမှ တဆင့် အချက်အလက်များ စုဆောင်းသည့် လုပ်ထုံးနည်းနာအား တသတ်မတ်တည်း လိုက်နာ ကျင့်သုံးခဲ့ပါသည်။ ပင်မ အချက်အလက် ရင်းမြစ်များအား ဆန်းစစ်ရာတွင် ဂြိုလ်တု ဓာတ်ပုံများနှင့် အစိုးရ ထုတ်ပြန်သော အစီရင်ခံစာများနှင့် ကြေညာချက်များ အပါအဝင် သီးခြားလွတ်လပ်သော ရင်းမြစ်များ သို့မဟုတ် အခြား ရင်းမြစ် များစွာအား အသုံးပြု၍ တင်းတင်းကျပ်ကျပ် စိစစ်ခြင်းနှင့် အတည်ပြုမှု အဆင့်ဆင့်တို့ဖြင့် ဆန်းစစ်ခဲ့ခြင်း ဖြစ်ပါသည်။ ညွှန်းဆိုထားသော အဖြစ်အပျက်များ ဖြစ်ပွားခဲ့သည်ဟု ယုံကြည်နိုင်အောင် ခိုင်လုံသည့် အကြောင်းပြချက်များ အပေါ် အခြေခံ၍ အမှုတွဲများ၊ အဖြစ်အပျက်များနှင့် တူညီသော ဖြစ်ပျက်ပုံစံများအား အချက်အလက် စုံလင်စွာ စိစစ်လေ့လာမှုများ ပြုခဲ့ပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော အရေးကိစ္စများနှင့် ဆက်စပ်၍ မြန်မာ အစိုးရဘက်မှ ဖြည့်စွက်ရန်နှင့် သဘောထား မှတ်ချက်ပေးရန် အလို့ငှာ ဤအစီရင်ခံစာ မူကြမ်းအား မြန်မာအစိုးရထံသို့ (OHCHR) က ပေးပို့ခဲ့ပါသည်။ သို့သော် (OHCHR) သည် မြန်မာအစိုးရ ဘက်မှ မည်သည့် တုံ့ပြန်ဖြေကြားချက်မျှ မရရှိသေးပါ။

၃။ (၂၀၁၉) ခုနှစ် စက်တင်ဘာလတွင် အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) အား အပ်နှင်းထားသော လုပ်ပိုင်ခွင့် အာဏာသည် သက်တမ်းကုန်ဆုံးခဲ့ပြီး ဖြစ်ပါသည်။ [1] အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) သည် လုပ်ပိုင်ခွင့် တာဝန်၌ သတ်မှတ် ဖော်ပြထားသော အစီရင်ခံစာ ၂ စောင်[2] အား ထုတ်ပြန်ခဲ့ပြီး ဖြစ်သလို အကြောင်းအရာ ခေါင်းစဉ် အလိုက် စာတမ်း ၄ စောင်[3] ကိုလည်း ပြုစုထုတ်ပြန်ခဲ့ပါသည်။ ဤအစီရင်ခံစာတွင် (OHCHR)

---

1 ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် ၃၄/၂၂

1 A/HRC/39/64 နှင့် A/HRC/42/50.

2 A/HRC/39/CRP.2၊ A/HRC/42/CRP.3၊ A/HRC/42/CRP.4 နှင့် A/HRC/42/CRP.5 တို့အား အောက်ဖော်ပြပါ www.ohchr.org/EN/HRBodies/HRC/RegularSessions/session42/Pages/ ListReports.aspx. အင်တာနက် စာမျက်နှာတွင် ကြည့်ပါ။

သည် အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) က မြန်မာနိုင်ငံ အစိုးရနှင့် မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများသို့ အကြံပြုတိုက်တွန်းချက် ပေါင်း ၁၈၉ ခုအား လက်နက်ကိုင် ပဋိပက္ခနှင့် အရပ်သားများအား ကာကွယ်စောင့်ရှောက်ခြင်း၊ တာဝန်ခံမှုရှိခြင်း၊ လိင်နှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုများ၊ အခြေခံ လွတ်လပ်ခွင့်များ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများ၊ အင်စတီကျူးရှင်းနှင့် ဥပဒေ ရေးရာ ပြုပြင်ပြောင်းလဲမှုများနှင့် ကုလသမဂ္ဂ စနစ်၏ ဆောင်ရွက်ချက်များ စသည့် ခေါင်းစဉ် အကြောင်းအရာများ အလိုက် စုစည်းထားသည့် အပေါ် ဆန်းစစ် သုံးသပ်ခဲ့ပါသည်။

# ၂။ လူ့အခွင့်အရေး အခြေအနေ

## က။ လက်နက်ကိုင် ပဋိပက္ခနှင့် အရပ်သားများအား ကာကွယ်စောင့်ရှောက်ခြင်း

၄။ မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်၊ ချင်းပြယ်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အကြား လက်နက်ကိုင် တိုက်ပွဲများ အရှိန်အဟုန် တိုးမြှင့်ဖြစ်ပွားနေကြောင်း စဉ်ဆက်မပြတ် မြင်တွေ့ရပါသည်။ (၂၀၁၈) ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ အဝှမ်းရှိ အခြား ပြည်နယ်များ အားလုံးတွင် တပ်မတော်က တဖက်သတ် အပစ်ရပ်ကြောင်း ကြေညာခဲ့သလို လက်ရှိ အချိန်အထိ အပစ်ခတ် ရပ်စဲကြောင်း တိုးမြှင့်ကြေညာနေခဲ့သော်လည်း ရခိုင်ပြည်နယ်ကို အပစ်အခတ် ရပ်စဲခြင်းမှ ချန်လှပ်ထားခဲ့ပါသည်။ (၂၀၂၀) ခုနှစ် မတ်လတွင်မူ အစိုးရသည် ရခိုင့် တပ်မတော်အား အကြမ်းဖက် အဖွဲ့အစည်း တစ်ခုအဖြစ် သတ်မှတ်ကြေညာခဲ့ခြင်းကြောင့် အပစ်အခတ် ရပ်စဲမည့် အလားအလာများ လျော့ပါးသွားခဲ့သည်။ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်က ကမ္ဘာ့အဝှမ်း၌ အပစ်အခတ် ရပ်စဲကြရန် တိုက်တွန်း တောင်းဆိုခဲ့သည့် အပေါ် တပ်မတော်က အလေးမထားဘဲ (၂၀၂၀) ခုနှစ် ဇွန်လ (၂၆) ရက်နေ့တွင် ရသေ့တောင်မြို့နယ်၌ နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေး နောက်တစ်ခုအား စတင် ဆင်နွှဲခဲ့သောကြောင့် အရပ်သား ထောင်ပေါင်းများစွာ ထွက်ပြေးတိမ်းရှောင်နေရသည်။

### ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်

၅။ အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) သည် မြန်မာနိုင်ငံအတွင်း ဥပဒေမဲ့သော၊ မလိုလားအပ်သော၊ အချိုးမျှတခြင်း မရှိသော လုံခြုံရေး အခြေပြု စစ်ဆင်းရေးများအားလုံး ရပ်တန့်ပစ်ရန် ၎င်း၏ အစီရင်ခံစာ၌ ထည့်သွင်း တောင်းဆိုခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူး ကိုယ်စားလှယ်တို့ကလည်း (FFMM) ၏ ထိုတောင်းဆိုချက်အား ထပ်လောင်း တောင်းဆိုခဲ့သည်။ သို့သော် (၂၀၁၉) ခုနှစ်မှစ၍ တပ်မတော်နှင့် ရခိုင့်တပ်တော်တို့ အကြား တိုက်ခိုက်မှုသည် ပမာဏ အားဖြင့် လည်းကောင်း၊ ရက်စက်ကြမ်းကြုတ်မှု အားဖြင့် လည်းကောင်း ပိုမို များပြားလာသောကြောင့် အသေအပျောက်နှင့် ဒဏ်ရာ ရရှိမှုလည်း တိုးလာကာ အရပ်သား ပိုင်ဆိုင်မှု၊ စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ ကဲ့သို့ အရပ်သား အဆောက်အအုံများ ပျက်စီးထိခိုက်မှုနှင့် လူထောင်ပေါင်းများစွာ နိုင်ငံတွင်း နေရပ်စွန့်ခွာ ထွက်ပြေးရမှုများ ရှိလာသည်။

၆။ တပ်မတော်သည် ရခိုင့်တပ်တော်အား လေကြောင်းဖြင့် ပစ်မှတ်ထား တိုက်ခိုက်မှုများ မကြာမကြာ ပြုလုပ်ခြင်းဖြင့် နည်းဗျူဟာ အပြောင်းအလဲရှိလာသော်လည်း အချို့သော တိုက်ခိုက်မှုများတွင် အရပ်သားများအား တိုက်ရိုက်ပစ်မှတ်ထား တိုက်ခိုက်သည့် ပုံပေါ်နေသည်။ အရပ်သား ပိုမို ထူပြောသော နေရာများသို့ ဂျက်တိုက်လေယာဉ်များဖြင့် လေကြောင်းမှ တိုက်ခတ်ခြင်း၊ အဝေးပစ် အမြောက်ကြီးများဖြင့် ပစ်ခတ်မှုများနှင့် မြေပြင်တိုက်ပွဲများ၌ ပစ်ခတ်

တိုက်ခိုက်သည့် အဖြစ်အပျက်များသည်လည်း သိသိသာသာ မြင့်မားလာသည်။ သို့သော် အခြေအနေ အများစုတွင် ရခိုင့်တပ်တော် မလှုပ်ရှားသည့် နေရာ သို့မဟုတ် မရှိသည့် နေရာများ၌ ပစ်ခတ်တိုက်ခိုက်မှုများ ရှိနေပြီး ထိုသို့ ပစ်ခတ်တိုက်ခိုက်သည့် အချိန်တွင်လည်း လက်နက်ကိုင် တိုက်ပွဲများ မရှိသည့် အချိန်မျိုးတွင် ဖြစ်ကြောင်း ဖော်ပြကြသည်။ (၂၀၂၀) ခုနှစ် ဧပြီလ (၇) ရက်နေ့တွင် ချင်းပြည်နယ် အတွင်း ဂျက်တိုက်လေယာဉ်များဖြင့် ဗုံးကြဲ တိုက်ခိုက်မှုကြောင့် အရပ်သား (၇) ဦး သေဆုံးခဲ့ကာ အမျိုးသမီး (၆) ဦးနှင့် ကလေးငယ် (၁) ဦး ဒဏ်ရာရရှိခဲ့သည်။ နေအိမ် (၈) လုံးနှင့် စပါးကြိတ်ရုံ (၁) ခု ပျက်စီးခဲ့ကာ ရွာသားများလည်း ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ ၎င်းတို့သည် (၂၀၂၀) ခုနှစ်၊ ဇူလိုင်လ အထိ နေရပ်စွန့်ခွာ ဒုက္ခသည်များ အဖြစ် နေထိုင်ခဲ့ရသည်။

၇။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကျေးရွာလူထု အားလုံး အပေါ် သက်ရောက်မှု ရှိနေစဉ် ရခိုင်နှင့် ရိုဟင်ဂျာ တိုင်းရင်းသား အရပ်သားပြည်သူများသည် လက်နက်ကိုင် ပဋိပက္ခ၏ သက်ရောက်မှုအား အဆိုးရွားဆုံး ခါးစည်းခံနေရသည်။ စာရင်းဇယားများ အရ (၂၀၂၀) ခုနှစ်၏ ပထမ (၅) လအတွင်း အမျိုးသမီး၊ ကလေးငယ်နှင့် သက်ကြီးရွယ်အိုများ အပါအဝင် အရပ်သား (၁၃၇) ဦး သေဆုံးပြီး (၃၈၆) ဦး ဒဏ်ရာရခဲ့သည်။ ထိုကိန်းဂဏန်းတွင် သေဆုံးသူ ရိုဟင်ဂျာ (၂၅) ဦးနှင့် ဒဏ်ရာရသူ ရိုဟင်ဂျာ (၄၄) ဦးတို့ ပါဝင်သည်။(၂၀၂၀) ခုနှစ်၊ ပထမ (၄) လ အတွင်း အရပ်သား သေဆုံးဒဏ်ရာရရှိသူ အရေအတွက်သည် (၂၀၁၉) ခုနှစ်၊ တစ်နှစ်တာလုံး၏ အရပ်သား သေဆုံးဒဏ်ရာရရှိသူ အရေအတွက်အား ကျော်သွားပြီ ဖြစ်သည်။ (၂၀၂၀) ခုနှစ်၊ ဖေဖဝါရီလ (၂၉) ရက်နေ့တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှု တစ်ခု၌ တပ်မတော် ယာဉ်တန်းသည် မြောက်ဦးမြို့နယ်ရှိ ကျေးရွာတစ်ခု အတွင်းသို့ ပစ်ခတ် တိုက်ခိုက်မှုကြောင့် ရိုဟင်ဂျာ (၆) ဦး သေဆုံးခဲ့ပြီး နောက်ထပ် ရိုဟင်ဂျာ (၆) ဦး ဒဏ်ရာရရှိစေခဲ့သည်။ မျက်မြင်သက်သေများ၏ ပြောကြားချက် အရ တပ်မတော်သည် ရန်သူအရပ်သား မခွဲခြားပဲ ရွာအတွင်းသို့ တစ်နာရီကျော်ကြာအောင် ပစ်ခတ်နေခဲ့ပြီး မြေမြှုပ်မိုင်း တစ်လုံး ပေါက်ကွဲခြင်းကြောင့် တပ်မတော် ယာဉ်တန်းရှိ မော်တော်ယာဉ် တစ်စီး ထိခိုက်ပျက်စီးမှသာ ပစ်ခတ်တိုက်ခိုက်မှုအား ရပ်တန့်ခဲ့သည်ဟု ဆိုသည်။

၈။ စာသင်ကျောင်းများ၊ ဘာသာရေး ဆိုင်ရာ အဆောက်အအုံများနှင့် အရပ်သား နေအိမ်များသည်လည်း ပစ်မှတ်ထား တိုက်ခိုက်ခြင်းခံရသလို အဝေးပစ် အမြောက်ကြီးများ သို့မဟုတ် တပ်မတော် ကင်းလှည့်များ၏ ပစ်ခတ် တိုက်ခိုက်ခြင်းကြောင့် ထိခိုက်ပျက်စီးမှုများ ရှိခဲ့သည်။[4] (၂၀၂၀) ခုနှစ်၊ ဖေဖဝါရီလ၊ (၁၃) ရက်နေ့တွင် ဘူးသီးတောင် မြို့နယ်၊ ခမွေချောင်း ကျေးရွာရှိ မူလတန်းကျောင်း အပေါ်သို့ မော်တာလက်နက်ကျည် တစ်လုံး ကျရောက် ပေါက်ကွဲမှုကြောင့် အသက် (၅) နှစ်မှ (၁၂) နှစ်ကြား ကျောင်းနေအရွယ် ကလေးငယ် အနည်းဆုံး (၁၇) ဦးသည် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ မော်တာ လက်နက်ကျည် ကျရောက် ပေါက်ကွဲချိန်၌ စာသင်ကျောင်း အတွင်း ကျောင်းသူ ကျောင်းသား ၆၀ ကျော် ရှိနေခဲ့သည်။ မတ်လ (၁၃) ရက်နေ့တွင် ကျောက်တော်မြို့နယ်၊ တင်မ ကျေးရွာရှိ ဘုန်းကြီးကျောင်း တစ်ကျောင်း အပေါ်သို့ အမြောက်ကျည်ဆံ (၃) လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခဲ့သည်။ မတ်လ (၂၉) ရက်နေ့တွင် မင်းပြားမြို့နယ်၊ ဖားပြို ကျေးရွာ၌ စစ်သားများသည် နေအိမ်များနှင့် စာသင်ကျောင်း (၁) ကျောင်းကိုလည်း မီးတင်ရှို့ခဲ့ပြီး ကျေးရွာ ဘုန်းကြီးကျောင်းကိုလည်း အာရ်ပီဂျီ ဒုံးကျည်ဖြင့် ပစ်ခတ် ဖျက်ဆီးခဲ့သည်။

[4] ၂၀၁၉ ခုနှစ် မှတ်တမ်းများ အရ စာသင်ကျောင်းများအား ပစ်ခတ်တိုက်ခိုက်မှုပေါင်း (၁၂) ခုတွင် (၈) ခုမှာ တပ်မတော်က ဖြစ်ကြောင်း ဖော်ပြထားပါသည်။ A/74/845-S/2020/525, အစီရင်ခံစာ၏ အပိုဒ် 127 အား ကြည့်ပါ။

၉။ တပ်မတော်သားများသည် အရပ်သားများအား တရားလက်လွတ် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာသည်။ ဖမ်းဆီးထိန်းသိမ်းထားသူများ အပေါ် နှိပ်စက်ညှင်းပန်းခြင်းနှင့် အခြားသော ရက်စက်သော၊ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာ ချိုးနှိမ်သော လုပ်ရပ်များ သို့မဟုတ် ပြစ်ဒဏ်ခတ်ခြင်းများ ရှိကြောင်း တိုင်ကြားမှုများ ရှိလာပါသည်။ အချို့သော အဖြစ်အပျက်တွင် တပ်မတော်သည် ကျေးရွာများရှိ အမျိုးသားများ အားလုံးကို ဝိုင်းထားလိုက်ကာ လူမသိ သူမသိ နေရာများသို့ ခေါ်ဆောင်သွားခြင်း မပြုမီ ၎င်းတို့၏ မျက်လုံးများအား အဝတ်ဖြင့် စည်းထားလေ့ရှိသည်။ (၂၀၂၀) ခုနှစ်၊ ဧပြီလ၊ (၁၉) ရက်နေ့တွင် ကျောက်ဆိပ်ဒေသ၌ အမျိုးသား (၃၉) ဦး ဖမ်းဆီးခံခဲ့ရကာ ၎င်းတို့အား နှိပ်စက်ခြင်းများ ရှိခဲ့ပါသည်။ ဤအစီရင်ခံစာအား အဆုံးသတ်သည့် အချိန်အထိ ၎င်းတို့ထဲမှ (၅) ဦးသည် ဆက်လက် ထိန်းသိမ်းခြင်း ခံနေရကာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေများဖြင့် တရားစွဲဆိုခြင်း ခံနေရပါသည်။ လေ့တစ်စီးပေါ်တွင် အမျိုးသားများအား စစ်သားများက ထိုးကြိတ်နေသည့် ဗီဒီယိုတစ်ခုသည် အွန်လိုင်းပေါ်တွင် ပြန့်ခဲ့ရာမှ ဒီဗီဒီယိုကို ကြည့်၍ မိသားစုဝင်များက ဖမ်းဆီးနှိပ်စက်ခံနေရသည့် ပုဂ္ဂိုလ် (၅) ဦး၏ အမည် သင်္ကေတများအား အတည်ပြု ပြောကြားခဲ့ပါသည်။ (၂၀၂၀) ခုနှစ်၊ ဖေဖဝါရီလ၊ (၂၆) ရက်နေ့တွင် ကျောက်တော်မြို့နယ်၌ ဖြစ်ပွားသော အဖြစ်အပျက်တွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် အမျိုးသား (၆) ဦးမှ (၂) ဦးသည် တင်မ ကျေးရွာ အနီးတွင် ထိန်းသိမ်းသည့် နေရာ၌ ထိုးကြိတ်ဒဏ်ရာ၊ ဓားဒဏ်ရာနှင့် ရေနွေးပူလောင်သည့် ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။ သေဆုံးသူများထဲမှ တစ်ဦးကို သစ်ပင်၌ ခြေထောက်မှ တွဲလောင်းဆွဲထားကာ ၎င်း၏ ကိုယ်ပေါ်တွင် စစ်သားများ၏ ထိုးကြိတ်ဒဏ်ရာများ တွေ့ရသည်။ ထိုသူတို့၏ ရုပ်အလောင်းများအား ၎င်းတို့၏ မိသားစုထံသို့ ပြန်လည် လွှဲပြောင်းခြင်း မပြုသေးပေ။ စစ်တပ် လုံခြုံရေး စစ်ဆေးဂိတ်များ၌ လူအများအပြား ဖမ်းဆီး ထိန်းသိမ်းခံရသလို ပျောက်ဆုံးမှုများလည်း ရှိလာသည်။ အရပ်သား အချို့ကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေဖြင့် တရားစွဲဆိုပြီး အချို့မှာ ယာယီထိန်းသိမ်းခြင်း ခံနေရသလို အချို့မှာ ပျောက်ဆုံးနေဆဲ ဖြစ်သည်။ ဖမ်းဆီးထိမ်းသိမ်းခံပြီးနောက် နေ့ရက်များစွာ အကြာတွင် ဆိုးဆိုးရွားရွား ဒဏ်ရာများစွာဖြင့် သေဆုံးနေသော ရုပ်အလောင်းများအား မိသားစုဝင်များက ပြန်လည် တွေ့ရှိသည့် အဖြစ်အပျက် အချို့လည်း ရှိသေးသည်။ ဥပမာ၊ (၂၀၂၀) ခုနှစ်၊ ဧပြီလ၊ (၁၆) ရက်နေ့တွင် ကျောက်တော်မြို့နယ်၊ စစ်တပ် လုံခြုံရေး စစ်ဆေးဂိတ်တစ်ခု၌ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် အမျိုးသား (၃) ဦးအား ရက်အချို့ အကြာတွင် ချောင်း တစ်ခု အနီး၌ သေနတ်ဒဏ်ရာ၊ ရိုက်နှက်ထားသည့် ပြင်းထန်သော ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

၁၀။ လက်နက်ကိုင် တိုက်ပွဲ မဖြစ်ပွားသည့် နေရာ၌ တပ်မတော် တပ်ဖွဲ့များသည် အရပ်သားများ အပေါ် ဥပဒေမဲ့ သတ်ဖြတ်ခြင်းများကို ကျူးလွန်ခဲ့ကြောင်း သက်သေများအရ ဖော်ပြနေသည်။ (၂၀၂၀) ခုနှစ်၊ ဧပြီလ၊ (၂၂) ရက်နေ့တွင် မင်းပြားမြို့နယ်၌ တပ်မတော် စစ်သားများသည် ကျွဲကျောင်းနေသော လူတစ်ဦးအား အာပီဂျီ ဒုံကျည်ဖြင့် ပစ်ခတ်ခြင်းကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ ထိုသူအား ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ ကွယ်လွန်ခဲ့သည်။ (၂၀၂၀) ခုနှစ်၊ မေလ၊ (၃၀) ရက်နေ့တွင် ပလက်ဝ မြို့နယ်၌ ထင်းခွေသွားနေသော အသက် (၇၃) နှစ် အရွယ် အဖွားအို တစ်ဦးအားလည်း တပ်မတော်က ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

၁၁။ အဖြစ်အပျက် အတော်များများတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ထိခိုက်ဒဏ်ရာ ရရှိသူများအား ဆေးရုံသို့ ပို့ဆောင်သော ယာဉ်များကို စစ်ဆေးရေး ဂိတ်၌ တားဆီး ပိတ်ပင်ထားသောကြောင့် ၎င်းတို့ထဲမှ အချို့လူနာများသည် ထိုစစ်ဆေးရေး ဂိတ်၌ပင် အသက်ဆုံးရှုံးကြရသည်။ (၂၀၂၀) ခုနှစ်၊ ဧပြီလ၊ (၁၃) ရက်နေ့တွင် ဒဏ်ရာရရှိနေသော (၁၅) နှစ်သား အရွယ် ယောကျ်ားလေး တစ်ဦးသည် စစ်တပ် စစ်ဆေးရေး ဂိတ်၌ တားဆီးရပ်တန့်မှုကြောင့် စောင့်စားနေရင်း အသက်ဆုံးရှုံးခဲ့သော်လည်း ၎င်းစစ်တပ်ဂိတ်တွင်

ဆက်လက် စောင့်ဆိုင်းစေခဲ့သည့် အဖြစ်အပျက်လည်း ရှိခဲ့သည်။ ကျောက်ဆိပ် ကျေးရွာအနီးတွင် အမြောက်ဆန် ကျရောက်ပေါက်ကွဲမှုကြောင့် ထိုယောကျာ်လေး၏ ညီအစ်ကို (၂) ဦး အသက်ဆုံးရှုံးခဲ့ရပြီး ၎င်းသည်လည်း ထိခိုက်ဒဏ်ရာ ရရှိကာ အရေးပေါ် ဆေးဝါးကုသဖို့ လိုအပ်နေသဖြင့် ဆေးရုံသို့ ပို့ဆောင်ခြင်း ခံနေရသောသူ ဖြစ်သည်။ မေလ (၁၁) ရက်နေ့တွင် မောင်းတော မြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနက ဒဏ်ရာရရှိသည့် လူနာများအား ဆေးရုံများသို့ သယ်ယူပို့ဆောင်ခြင်း အပေါ် ကန့်သတ်မှုများ ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအမိန့်စာ အရ ထိခိုက် ဒဏ်ရာ ရရှိသူ တစ်ဦးအား ဆေးဝါးကုသမှု ခံယူရန် ပို့ဆောင်ခြင်း မပြုမီ လူတစ်ဦး တစ်ယောက် သို့မဟုတ် အဖွဲ့အစည်း တစ်ဖွဲ့သည် အစိုးရ အရာရှိများနှင့် စစ်တပ်ထံမှ ထောက်ခံ စာများ ရရှိရန် လိုအပ်သည့် သဘော ဖြစ်သည်။

၁၂။ (၂၀၂၀) ခုနှစ်၊ မတ်လ၊ (၁၉) ရက်နေ့မှ ဧပြီလ (၂၉) ရက်နေ့ အတွင်း ချင်းပြည်နယ်နှင့် ရခိုင် ပြည်နယ်၌ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့ဝင်များအား တိုက်ခိုက်မှု (၃) ကြိမ် ရှိခဲ့ပါသည်။[5] ထိုတိုက်ခိုက်မှု (၁) ကြိမ်စီတိုင်းတွင် တရားဝင် အဖွဲ့အစည်း တံဆိပ် သို့မဟုတ် အဖွဲ့အစည်း အလံအား ပြသထားသည့် ယာဉ်များအား တိုက်ခိုက်မှုများ ရှိခဲ့ပါသည်။ ဧပြီလ၊ (၂၀) ရက်နေ့တွင် မင်းပြားမြို့နယ်၌ ကိုဗစ် ၁၉ နမူနာများအား စစ်တွေမှ ရခိုင်သို့ ပို့ဆောင်ပေးသည့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း၏ မော်တော်ယာဉ်သည် ပစ်ခတ်တိုက်ခိုက် ခံခဲ့ရသည်။ စီးနင်းလိုက်ပါသူ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ အရာရှိတစ်ဦးနှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ ဝန်ထမ်း ယာဉ်မောင်း ဖြစ်သူတို့သည် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး ယာဉ်မောင်းသည် သေနတ်ဒဏ်ရာကြောင့် သေဆုံးခဲ့သည်။ ဧပြီလ၊ (၂၉) ရက်နေ့တွင် မြန်မာနိုင်ငံ သမ္မတသည် ထိုအခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေး ဖွဲ့စည်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ယခုအချိန်အထိ ထိုကော်မတီသည် ရှာဖွေတွေ့ရှိချက်များအား ထုတ်ပြန်ခြင်း မရှိသေးပေ။

၁၃။ (၂၀၂၀) ခုနှစ်၊ နှစ်ဆန်းပိုင်းကတည်းက တပ်မတော် တပ်ဖွဲ့ဝင်များသည် တိုက်ပွဲဒဏ်သင့်သည့် နေရာရှိ ရွာပေါင်းများစွာနှင့် အရပ်သား နေအိမ်များစွာအား မီးရှို့ဖျက်ဆီးခဲ့ပြီး ထိုလုပ်ရပ်သည် အရပ်သား ပိုင်ဆိုင်မှုများအား ဖျက်ဆီးသည့် မှတ်တမ်းရှိ စစ်တပ်၏ မဟာဗျူဟာနှင့် တသားတည်း ဖြစ်ကာ အရပ်ဘက်-စစ်ဘက် ခွဲခြားသတ်မှတ်ခြင်း အခြေခံမှုအား ချိုးဖောက်ရာ ရောက်သည်။ တပ်မတော် စစ်သားများသည် ရွာများ၊ နေအိမ်များအား မီးရှို့ဖျက်ဆီးရန် မီးလောင်နိုင်သော လောင်စာရည်များအား အသုံးပြုခဲ့သည်။ တိုက်ပွဲများ သို့မဟုတ် လက်နက်ကြီးများ ပစ်ခတ်ကျရောက်ပြီးနောက် အရပ်သားများ စွန့်ခွာခဲ့သည့် ကျေးရွာများအား စစ်သားများသည် မီးတင်ရှို့လေ့ရှိကြောင်း အဖြစ်အပျက်များစွာတွင် တွေ့ရသည်။ မေလ၊ (၂၆) ရက်နေ့က ဖြစ်ပွားခဲ့သော အဖြစ်အပျက် တစ်ခုတွင် တပ်မတော်သားများသည် မီးလက်ဝ ကျေးရွာ၌ တိုက်ပွဲကြောင့် အရပ်သားများ စွန့်ခွာထွက်ပြေးခဲ့သော နေအိမ် (၆၀) ကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ထိုသို့ ကျေးရွာရှိ နေအိမ်များအား မီးရှို့ ဖျက်ဆီးနေစဉ်တွင် ထိုဒေသ၌ မည်သည့် လက်နက်ကိုင် တိုက်ပွဲမှ ဖြစ်ပွားခြင်း မရှိပေ။

၁၄။ အပါအဝင် ရသေ့တောင် မြို့နယ် ဆင်ခုန်းတိုင် ကျေးရွာရှိ ရိုဟင်ဂျာ နေအိမ် ၅၃ လုံးကို ဖျက်ဆီးမှုနှင့် အတူ အရပ်သားများ သွားလာသည့် နေရာတွင် မြေမြုပ်မိုင်းများ ချထားခြင်းနှင့်

---

[5] ၂၀၂၀ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် Relief International အဖွဲ့၏ စက်လှေသည် ရခိုင်ပြည်နယ် တော်ကန် ဒေသ၌ ပစ်ခတ်ခံခဲ့ရပြီး လှေပျက်စီးခဲ့သည်။ ၂၀၂၀ ခုနှစ် ဧပြီ ၂၉ ရက်နေ့တွင် ကမ္ဘာ့စာနပ်ရိက္ခာ အစီအစဉ် WFP အဖွဲ့သည် ချင်းပြည်နယ် ပလက်ဝသို့ ကုန်တင်ကား ၅ စီး ယာဉ်တန်းဖြင့် စားနပ်ရိက္ခာ အထောက်အပံ့ သွားရောက်ပို့ဆောင်စဉ် ပစ်ခတ်ခံခဲ့ရသည်။ ပစ်ခတ်မှုကြောင့် ယာဉ်မောင်း တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

အရပ်သား ပိုင်ဆိုင်မှုများနှင့် မွေးမြူရေး တိရစ္ဆာန်များအား လုယူခြင်း အပါအဝင် ရခိုင့်တပ်တော်က လူ့အခွင့်အရေး ချိုးဖောက်သည်ဟု စွပ်စွဲချက်များလည်း လက်ခံရရှိပါသည်။ (၂၀၁၉) ခုနှစ်၊ မေလတွင် ရိုဟင်ဂျာ ဒေသခံ ဝန်ထမ်း (၂) ဦးအား ရခိုင့်တပ်တော်က အတင်းအကျပ် ခေါ်ဆောင်သွားပြီး သတ်ပစ်လိုက်ခြင်းကြောင့် ဆယ်ချီသော ရိုဟင်ဂျာများသည် ကျေးလက်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။

၁၅။ (၂၀၂၀) ခုနှစ်၊ ဇူလိုင်လ၊ (၇) ရက်နေ့တွင် အစိုးရ စာရင်းဇယားများ အရ[6] လက်နက်ကိုင် ပဋိပက္ခကြောင့် လူပေါင်း (၈၁,၆၃၇) ဦး ထွက်ပြေးတိမ်းရှောင်ရသည်ဟု ဖော်ပြသော်လည်း လူသားချင်း စာနာထောက်ထားမှု အဖွဲ့အစည်းများ၏ အဆိုအရ ထွက်ပြေးတိမ်းရှောင်သည့် လူဦးရေမှာ (၁၉၀,၇၀၈) အထိ ရှိနိုင်ကြောင်း ဖော်ပြကြသည်။ ဒေသတွင်း စွန့်ခွာထွက်ပြေးသူများသည် လက်ရှိအချိန်၌ ယာယီ အဖြစ်သဘော ဆောက်လုပ်ထားသည့် စစ်ရှောင်စခန်းများ၊ စာသင်ကျောင်းများ၊ ဘုရားကျောင်းများနှင့် ဘုန်းကြီးကျောင်းများတွင် ခိုလှုံနေသည်။ လုံလောက်သော အစား အစာနှင့် သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှု မရှိခြင်းမှာ အလွန်ဆိုးဝါးသည့် အခြေအနေတွင် ရှိပြီး တိုက်ပွဲများကြောင့် ဖြစ်လာသော လုံခြုံရေး ဆိုင်ရာ ခြိမ်းခြောက်မှုများအား ရင်ဆိုင်နေကြရကာ မြေမြုပ်မိုင်း အန္တရာယ် အပါအဝင် လွတ်လပ်စွာ သွားလာခွင့် ကန့်သတ်ခံရခြင်း၊ အသက်မွေးဝမ်းကြောင်းနှင့် အခြေခံ ဝန်ဆောင်မှုများ မရရှိခြင်း စသည့် အခြေအနေများအား ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ၎င်းတို့သည် သန့်ရှင်းမှု မရှိသော၊ လူများ ပြည့်နှက်နေသော ပတ်ဝန်းကျင်မျိုးတွင် နေထိုင်ကြရခြင်းကြောင့် ကိုရိုနာ ရောဂါပိုး အပါအဝင် (ကိုဗစ်-၁၉) ရောဂါကူးစက် ဖြစ်ပွားနိုင်သော အန္တရာယ်အားလည်း ရင်ဆိုင်ရပါသည်။

၁၆။ အကူအညီလိုအပ်နေသူများ အထူးသဖြင့် ပြည်တွင်း၌ စစ်ဘေးရှောင်နေ သူများထံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီ သွားရောက်ပေးခွင့်အား ငြင်းဆန်ခြင်းသည် လူသားချင်း စာနာထောက်ထားမှု အကျပ်အတည်းအား ပိုမို ဆိုးဝါးစေသည်။ ရခိုင်ပြည်နယ် တစ်ခုတည်း၌ပင် လူပေါင်း (၇၅၀,၀၀၀) ခန့်သည် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများအား လိုအပ်နေပါသည်။ မြောက်များစွာသော သူများ အတွက် ဝင်ငွေနှင့် အစားအစာ ရရှိရန် ရင်းမြစ်များ ဆုံးရှုံးခြင်းသည် သက်ရှင်နေထိုင်ရေး အတွက် လူသားချင်း စာနာထောက်ထားမှု အကူအညီများ အပေါ်သာ အဓိက မှီခိုအားထားရမည့် သဘော ဖြစ်သည်။ (၂၀၁၉) ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ခရီးသွားလာခွင့်နှင့် အကူအညီပေး သွားလာခွင့် ဆိုင်ရာ နည်းဥပဒေသစ် တစ်ခု ထုတ်ပြန်ပြီးသည့် အချိန်မှ စတင်၍ ပဋိပက္ခဒဏ်သင့် နေရာများသို့ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများက သွားလာခွင့် ပိတ်ပင်တားဆီးခြင်း ခံနေရသည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် အာဏာပိုင်များက မြို့နယ် အဆင့်အလိုက် သွားလာခွင့် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့သည့် (၂၀၂၀) ခုနှစ်၊ မတ်လမှ အစပြု၍ ကျေးလက်ဒေသများသို့ သွားလာခွင့်အား သိသိသာသာ ကန့်သတ်ခဲ့သည်။ (၂၀၂၀) ခုနှစ်၊ ဖွန်လ၌ ရန်ကုန်မှ စစ်တွေသို့ ထောက်ပံ့ရေး ပစ္စည်းများ ပို့ဆောင်မှုနှင့် ပတ်သက်၍ လုံခြုံရေး ခွင့်ပြုမိန့် ဆိုင်ရာ လုပ်ဆောင်ရမည့် အဆင့်များ တိုးမြှင့်ခဲ့ပြီး ထိုသို့ အာဏာပိုင် အဖွဲ့အစည်းများမှ လိုအပ်သော ခွင့်ပြုမိန့်များ အားလုံး ရရှိနေလျှင်ပင် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ပစ္စည်းများ ပို့ဆောင်ခွင့် ရနိုင်သော်လည်း ရခိုင့် တပ်တော်အား အထောက်အပံ့များ ရောက်ရှိသွားနိုင်သည် ဟူသည့် သံသယဖြင့် စစ်တပ် စစ်ဆေးရေး ဂိတ်များတွင် တားဆီးခံရနိုင်တတ်သည်။ အဓိက မြို့ပြများ ပြင်ပသို့ အစားအစာ မဟုတ်သော အထောက်အပံ့များဖြင့် သွားလာနိုင်သည့် နိုင်ငံတကာ အဖွဲ့အစည်းများမှာ မဆိုစလောက် နည်းပါးလှပေသည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း လူသားချင်း စာနာထောက်ထားမှု

[6] https://reliefweb.int/map/myanmar/myanmar-myanmar-armed-forces-arakan-army-conflict-generated-displacement-rakhine-and-0 အင်တာနက် စာမျက်နှာအား ကြည့်ပါ။

ဆိုင်ရာ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် အတွက် ခွင့်ပြုမိန့် ပေးသည့် ပုံစံမှာလည်း ဗျူရိုကရေစီ အဆင့်များစွာဖြင့် ရှုပ်ထွေးနေပါသောကြောင့် အလွန် အရေးကြီးသော အထောက်အပံ့များ ပေးရာ၌ အနှောင့်အယှက်များနှင့် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့လာရပါသည်။ ခွင့်ပြုမိန့်များနှင့် ဆက်စပ်သော ကန့်သတ်မှုများကြောင့် လက်နက်ကိုင် ပဋိပက္ခဒဏ်သင့် နေရာများတွင် ကာကွယ်စောင့်ရှောက်မှု Protection ဆိုင်ရာ ဝန်ဆောင်မှုများ ပေးရန် အတွက် အခက်အခဲ ရှိစေပါသည်။

၁၇။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်း စဉ်ဆက်မပြတ် ပိတ်ဆို့တားဆီးမှုများနှင့် လက်နက်ကိုင် တိုက်ပွဲများ ထိတ်တိုက်ဖြစ်ပွားနေမှုတို့ကြောင့် စားနပ်ရိက္ခာ ထောက်ပံ့ ပို့ဆောင်ရေးနှင့် ပတ်သက်သည့် အခက်အခဲများအား ပိုမို ဆိုးဝါးစေပါသည်။ အာဏာပိုင် အဖွဲ့အစည်းများသည် ကားလမ်း ပိတ်ဆို့ထားခြင်းတို့ကြောင့် မြို့နယ် တစ်ခုနှင့် တစ်ခုအကြား ချိတ်ဆက်သည့် လမ်းများအား ထိရောက်စွာ ပိတ်ထားခြင်း၊ ပုံမှန်သုံးလေ့ရှိသော ရေလမ်းကြောင်းများ ပြတ်တောက်ခြင်း စသည့် ထောက်ပံ့ရေး ကွင်းဆက်များအား အနှောင့်အယှက် ဖြစ်စေပါသည်။ ထိုသို့ လမ်းပန်းဆက်သွယ်ရေး ပိတ်ဆို့မှုများကြောင့် စားနပ်ရိက္ခာ ရှားပါးခြင်း၊ စားနပ်ရိက္ခာ သိုလှောင်ရုံများ ရိက္ခာပြတ်လပ်လာခြင်းနှင့် ဒေသခံ မြို့ရွာဈေးများတွင် စားနပ်ရိက္ခာ ပြတ်လပ်ခြင်းနှင့် အတူ အဓိက ကုန်ပစ္စည်းများ၏ ကုန်ဈေးနှုန်းထားများ အလွန် မြင့်တက်လာခြင်းတို့ကြောင့် ဒေသခံများ၏ နေ့တဓူဝ စားနပ်ရိက္ခာများသည် တဖြည်းဖြည်းနှင့် နည်းပါးလာပါသည်။ ပလက်ဝ မြို့နယ်တွင် တပ်မတော်သည် ကုန်းလမ်းနှင့် ရေကြောင်း ပို့ဆောင်ရေး လမ်းကြောင်းများအား (၂၀၂၀) ခုနှစ်၊ နှစ်ဆန်းပိုင်းမှ စတင် ပိတ်ဆို့ထားခြင်းကြောင့် ဈေးနှုန်းချိုသာသော ဆန်အမျိုးအစား တစ်အိတ် တန်ဖိုးသည် တစ်အိတ်လျှင် ငွေကျပ် ၃၀,၀၀၀ (၂၁ ဒေါ်လာ)မှ ငွေကျပ် ၁၂၀,၀၀၀ (၈၄ ဒေါ်လာ) အထိ ဈေးတက်သွားပါသည်။ အချို့သော ဒေသခံ ပြည်သူများသည် အလွန် ကျပ်တည်းလာသည့် အခြေအနေအား ကုစားနိုင်ရန် မိသားစု၌ အသီးအနှံချည်း သက်သက် စားသုံးခြင်း၊ ငှက်ပျောအူ ချက်စားခြင်း သို့မဟုတ် တိရစ္ဆာန်စာ စားခြင်းဖြင့်သာ အသက်ရှင်နေကြရသည်။ ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ (၂၀၂၀) ခုနှစ်၊ ဇန်နဝါရီလမှ အစပြု၍ တပ်မတော်သည် ပိတ်ဆို့တားဆီးမှုများ ပြုလုပ်လာသည့် အတွက်ကြောင့် ပို့ဆောင် ဆက်သွယ်ရေးနှင့် ထောက်ပံ့ရေး ကွင်းဆက်များ အပေါ် သက်ရောက်မှု ရှိလာကာ ဒေသခံ ပြည်သူများ၌ စားနပ်ရိက္ခာ ပြတ်လပ်လာကြသည်။

၁၈။ အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM)၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးနှင့် အထူး ကိုယ်စားလှယ်တို့၏ အကြံပြုတိုက်တွန်းချက်များ ရှိသော်ငြားလည်း အစိုးရ အာဏာပိုင်များသည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ ပစ်ခတ်တိုက်ခိုက်မှုများနှင့် စစ်ဆင်ရေးများအား တားဆီးရပ်တန့်ရန် ပျက်ကွက်နေဆဲ ဖြစ်သည်။ အရပ်သားများနှင့် အရပ်သား အဆောက်အအုံများအား တိုက်ရိုက် ပစ်ခတ် တိုက်ခိုက်ခြင်းများသည် နိုင်ငံတကာ လူသားချင်း ဆိုင်ရာ ထောက်ထားမှု ဆိုင်ရာ ဥပဒေအား ချိုးဖောက်ခြင်း ဖြစ်ပါသည်။ ထို့အပြင် လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်နွယ်သော အဖွဲ့အစည်းများသည် တိုက်ပွဲဝင် စစ်သည်များမှ အရပ်သားကို ခွဲခြမ်းသတ်မှတ်ခြင်း၊ စစ်ရေး ဆိုင်ရာ ရည်မှန်းချက် ပစ်မှတ်များမှ အရပ်သား ဆိုင်ရာ အဆောက်အအုံများအား ခွဲခြမ်းသတ်မှတ်ခြင်း၊ အရပ်သားနှင့် စစ်သား မခွဲခြားပဲ ပစ်ခတ်မှုများမှ ရှောင်ရှားခြင်း၊ ပစ်ခတ်တိုက်ခိုက်ရာတွင် အချိုးကျစေခြင်းနှင့် ပစ်ခတ် တိုက်ခိုက်ရာတွင် ကြိုတင် အသိပေး ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း စသည့် အခြေခံမှုများကို လေးစားလိုက်နာရန် လိုအပ်ပါသည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်၌ စစ်ရာဇဝတ်မှုများနှင့် လူသားတမျိုးနွယ်လုံး အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအား တပ်မတော်က ကျူးလွန်သည်ဟု သတ်မှတ်ကောင်း သတ်မှတ်နိုင်သည့် လုပ်ရပ်များ အပေါ် စုံစမ်းစစ်ဆေးမှုများ ဆက်လက် လုပ်ဆောင်ရန် ဤတွေ့ရှိချက်များအားဖြင့် အကြောင်းခိုင်လုံစေပါသည်။

## ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်

၁၉။ အကြမ်းဖက်မှုများနှင့် ညှင်းပန်းနှိပ်စက်ခြင်းများတွင် ပုံစံတူနေမှုများအား ကချင်နှင့် ရှမ်းပြည်နယ်၌ တွေ့ရကြောင်း အစီရင်ခံ ဖော်ပြကြသည်။ လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်သော အဖွဲ့များက အပစ်ရပ် ကြေညာထားကြပါသော်လည်း တပ်မတော်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ အပါအဝင် အခြားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အကြား တိုက်ပွဲဖြစ်နေသည့် သတင်းအား အစီရင်ခံစာ တင်သွင်းသည့် ကာလ တလျှောက်လုံး ရရှိကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေခဲ့ပါသည်။ ပဋိပက္ခဒဏ် သက်ရောက်သော နေရာများ၌ နေထိုင်သော အရပ်သားများသည် လုံခြုံရေး တပ်ဖွဲ့များနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ညှင်းပန်း နှိပ်စက်မှုများကို ခံစားကြရသည်။ ရှေ့မတိုး နောက်မဆုတ်ဖြစ်နေသော ငြိမ်းချမ်းရေး ဖြစ်စဉ်ကြောင့် ထိုဒေသများ၌ လုံခြုံရေး ဆိုင်ရာ အကဲဆတ်မှုအား ဖော်ပြပါ အဖြစ်အပျက်များက မီးမောင်းထိုးပြနေပါသလို နိုင်ငံ၏ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း ဒေသများတွင် ရန်လိုတိုက်ခိုက်မှုများ ပြင်းထန်လာမှု အပေါ် ပူပန်ရပေသည်။

၂၀။ တပ်မတော်က ကျေးရွာများ အပါအဝင် အရပ်သားများ နေထိုင်သည့် နေရာများအား ထိုးစစ်ဆင် တိုက်ခိုက်ခြင်းနှင့် ရန်သူ အရပ်သား မခွဲပဲ လက်နက်ကြီး အမြောက်များနှင့် လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် အရပ်သားများ ထိခိုက်ဒဏ်ရာမှုများ ရှိလာသည်။ တရားလက်လွတ် ဖမ်းဆီးခြင်းများ၊ ပြင်ပနှင့် ဆက်သွယ်ခွင့် မပြုသော ဖမ်းဆီးချုပ်နှောင်ခြင်း၊ အရပ်သားများအား ညှင်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်သော ဆက်ဆံမှု၊ အတင်းအဓမ္မ စစ်သားစုဆောင်းခြင်းနှင့် ချွေးတပ်စွဲခြင်း၊ နှင့် စာသင်ကျောင်း ကဲ့သို့ အကာအကွယ်ပေးရမည့် အဆောက်အအုံများအား စစ်ရေးဆိုင်ရာ ရည်ရွယ်ချက် ပစ်မှတ်များ အဖြစ် အသုံးပြုခြင်း အပါအဝင် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအား တပ်မတော်က ကျူးလွန်သည်ဟူသည့် ၏ တိုင်ကြားချက်များလည်း ရှိလာသည်။

၂၁။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် အရပ်သားများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်း၊ ရိုက်နှက်ခြင်းနှင့် သတ်ဖြတ်ခြင်းများ၊ ရွာသားများအား လမ်းပြများ နှင့် ပေါ်တာ အဖြစ် အလိုမတူပဲ ခေါ်ဆောင်သွားခြင်း၊ ၎င်းတို့၏ ထိန်းချုပ်နယ်မြေများ၌ နေထိုင်သူများထံမှ အခွန် တောင်းခံခြင်း၊ ကျေးရွာများ၌ တပ်စွဲ နေရာယူခြင်း သို့မဟုတ် ကျေးရွာများ အနီးတွင် တပ်စခန်းချထားခြင်းကြောင့် အရပ်သားများအား ဘေးဖြစ်စေခြင်းတို့ ရှိပါသည်။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များက ချထားသော မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသော လက်နက်ခဲယမ်းများသည် ၎င်းဒေသများတွင် နေထိုင်သည့် အရပ်သားများ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူများနှင့် မြေမြှုပ်မိုင်း ရှိသည့် နေရာများတွင် ထိတွေ့ဆက်ဆံ လုပ်ကိုင်နေကြသူများ အပေါ် ကြီးစွာသော ခြိမ်းခြောက်မှုကို ဖြစ်စေပါသည်။ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသော ခဲယမ်း လက်နက်များကြောင့် အရပ်သား ရာချီသည် ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည်။ လက်နက်ကိုင် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာ ထွက်နေပြေးနေမှုများ ဆက်တိုက် ရှိနေပြီး (၂၀၁၁) ခုနှစ်မှ စတင်၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အတွင်းရှိ စစ်ဘေးရှောင် စခန်း (၁၇၀) ၌ လူပေါင်း (၁၀၅,၀၀၀) သည် ပြည်တွင်း၌ စစ်ဘေးရှောင် ဒုက္ခသည်များ အဖြစ် ရှိနေကြဆဲ ဖြစ်သည်။ တိုက်ပွဲများကြောင့် ထောင်ပေါင်းများစွာသော သူများသည် နေအိမ်များအား ခေတ္တယာယီ စွန့်ခွာကြရပါသော်လည်း ၎င်းတို့သည် နေရပ်ပြန်လာနိုင်ကြပေသည်။ (၂၀၂၀) ခုနှစ် နှစ်လယ်ပိုင်းတွင် တပ်မတော်သည် ကချင် လွတ်မြောက်ရေး အဖွဲ့နှင့် ရှမ်းပြည်နယ်

ပြန်လည်ထူထောင်ရေး ကောင်စီတို့က စီမံခန့်ခွဲသည့် ကိုဗစ်-၁၉ စစ်ဆေးရေး ဂိတ်များအား ဖျက်ဆီးခဲ့ပါသည်။

### ကရင်ပြည်နယ်

၂၂။ (၂၀၂၀) ခုနှစ်၊ ဇန်နဝါရီလတွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီး ဒေသမှ ကရင်ပြည်နယ် ဘားအံမြို့သို့ ကားလမ်း ဖောက်လုပ်မှုအား ပြန်လည် စတင်ခဲ့ရာ ဒေသတွင်း၌ တပ်မတော် တည်ရှိမှုများ တဆဆ များပြားလာခဲ့ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး (NCA) စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း တစ်ခု ဖြစ်သော ကရင် အမျိုးသား အစည်းအရုံး (KNU) နှင့် ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်လာခဲ့သည်။ အရပ်သားများ နေရပ် စွန့်ခွာထွက်ပြေးစေရန် ရည်ရွယ်၍ တပ်မတော်သည် လက်နက်ကြီး အမြောက်များအား အရပ်သားများ နေထိုင်သည့် နေရာသို့ စနစ်တကျ ပစ်ခတ်ခဲ့ကြောင်း ဒေသခံ အဖွဲ့အစည်းများက တစိုက်မတ်မတ် ဖော်ပြခဲ့ကြသည်။ ကနဦး ကောက်ယူထားသည့် ဒေတာ အချက်အလက်များ အရ အရပ်သား (၂,၀၀၀) ကျော်သည် နီးစပ်ရာ သစ်တောသို့ ထွက်ပြေးခဲ့ရပြီး ၎င်းတို့သည် စားနပ်ရိက္ခာနှင့် အခြေခံ လိုအပ်ချက်များအား ရရှိရန် ခက်ခဲသည့် အခြေအနေတွင် ရောက်ရှိနေကြောင်း ဖော်ပြနေသည်။ အစီရင်ခံစာများ အရ (၂၀၂၀) ခုနှစ်အတွင်း ကားလမ်း ဖောက်လုပ်သည့် နေရာအနီးတွင် တပ်မတော် စစ်သားများသည် အရပ်သား (၃) ဦးအား သတ်ဖြတ်ခဲ့ကြောင်း၊ ထိုထဲမှ အလောင်း (၁) လောင်းကို မီးရှို့ ဖျက်ဆီးခဲ့ကြောင်း ဖော်ပြနေသည်။ ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်၍ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲကြောင်း အစိုးရက ကြေညာပြီးသည့် အခါတွင်လည်း လက်နက်ကိုင်တပ်ဖွဲ့များ၏ လှုပ်ရှားမှုကြောင့် အရပ်သား ရာပေါင်းများစွာ နေရပ် ကျေးလက်စွန့်ခွာ ထွက်ပြေးနေရကြောင်း အစီရင်ခံ ဖော်ပြကြသည်။ မေလ (၆) ရက်နေ့တွင် ကရင် အမျိုးသား အစည်းအဝေးက စီမံလည်ပတ်နေသည့် ကိုဗစ် စစ်ဆေးရေး ဂိတ် အနည်းဆုံး (၂) ခုအား တပ်မတော်က ဖျက်ဆီးခဲ့ကြောင်း အစီရင်ခံ ဖော်ပြကြသည်။

## ခ။ တာဝန်ခံမှု ရှိစေရေး

၂၃။ မြန်မာနိုင်ငံတလွှား ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအား မြန်ဆန်သော၊ ထိရောက်သော၊ စေ့စပ်သေချာသော၊ သီးခြားလွတ်လပ်၍ ဘက်လိုက်မှု ကင်းသော စုံစမ်း စစ်ဆေးရေးများ ဆောင်ရွက်ရန်နှင့် ကျူးလွန်သူများအား တာဝန်ခံ အရေးယူ ဆောင်ရွက်ဖို့ အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) ၏ အကြံပြုတိုက်တွန်းချက်များအား မြန်မာနိုင်ငံ အစိုးရက အနည်းအကျဉ်းသာ လုပ်ဆောင်ခဲ့ပါသည်။ အင်းဒင်ရွာ၌ ရိုဟင်ဂျာ အမျိုးသား (၁၀) ဦးအား သတ်ဖြတ်ခဲ့ရာ၌ ပါဝင်သော အရာရှိ (၄) ဦးနှင့် တပ်သား (၃) ဦးတို့အား အမှုစစ်ကြားနာခြင်း တစ်ခုလုံးကို အများသူငါ လေ့လာခွင့် မရှိသည့် တပ်မတော် စစ်ခုံရုံး၌ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ် အမိန့်ချမှတ်ခဲ့ကြောင်း (၂၀၁၈) ခုနှစ် ဧပြီလတွင် တပ်မတော်က ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော် ပြစ်ဒဏ်ကျခံသူများသည် အကျဉ်း ကျခံသည့် သက်တမ်း (၁) နှစ် မပြည့်သေးသည့် အချိန်ဖြစ်သည့် (၂၀၁၈) ခုနှစ်၊ နိုဝင်ဘာလ၌ တပ်မတော် စစ်ဦးစီးချုပ်က လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကာ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။ မြန်မာနိုင်ငံ စစ်တပ် တရားရေး စနစ်၌ ပွင့်လင်းမြင်သာမှုနှင့် သီးခြားလွတ်လပ်မှု မရှိကြောင်း ထိုသို့သော စစ်ခုံရုံး အမှုဖြစ်စဉ်နှင့် လွှတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းတို့က မီးမောင်းထိုးဖော်ပြသလို အမှုတွဲများ အပေါ်တွင် စစ်ဦးစီးချုပ်၏ ဩဇာလွှမ်းမိုးမှုကိုလည်း ဖော်ပြရာ ရောက်သည်။ အလားတူကဲ့သို့ပင် (၂၀၁၇) ခုနှစ်တွင် ဘူးသီးတောင် မြို့နယ်၊ ဂူတာပြင်ကျေးရွာ၌ ဖြစ်ပွားခဲ့သော အခင်း၌ အရာရှိ ၂ ဦးနှင့် စစ်သား (၁) ဦးကို "ညွှန်ကြားချက် အမိန့်များ လိုက်နာရန် အားနည်းခဲ့သည့် အတွက်" စစ်ခုံရုံးက ပြစ်ဒဏ်ချမှတ်လိုက်သည်ဟု တပ်မတော်က (၂၀၂၀) ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ကြေညာခဲ့သည်။ တပ်မတော်က ပွင့်လင်းမြင်သာမှု ရှိပါမည်ဟု ကြေညာထားခဲ့သော်လည်း

ယခင် တပ်တရားစီရင်သည့် ပုံစံများ ကဲ့သို့ပင် ကျူးလွန်သူများ၏ အမှတ်သင်္ကေတနှင့် ရာထူးအဆင့်များ၊ ၎င်းတို့အား အရေးယူခဲ့သည့် ရာဇဝတ်မှု အမျိုးအစား၊ တရားစီရင် ကြားနာခြင်းများနှင့် သက်သေများ၊နှင့် ၎င်းကျူးလွန်သူ တစ်ဦးစီ အပေါ် ချမှတ်သည့် ပြစ်ဒဏ်များ စသည့် အချက်အလက်တို့အား ထုတ်ဖော် ချပြခြင်း မရှိသေးပေ။ လျှို့ဝှက်စွာ ဆောင်ရွက်ခြင်းနှင့် သီးခြားလွတ်လပ်မှု မရှိခြင်းတို့သည် တပ်မတော် တရားစီရင်ရေး ဖြစ်စဉ်အားလုံးကို ဖော်ကျူးသည့် အတွက်ကြောင့် စစ်ခုံရုံး တရားစီရင်ရေးများသည် အရပ်သားများ အပေါ် စစ်တပ်ဆိုင်ရာ ပုဂ္ဂိုလ်များက ကျူးလွန်သည့် ရာဇဝတ်မှုများ အတွက် တရားမျှတမှုကို ဖော်ဆောင်ရန် စိတ်မချရသည့် အခြေအနေသို့ သက်ရောက်စေသည်။ အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) က မှတ်တမ်းပြုစုထားသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အတွင်း ရာဇဝတ်မှုများ အတွက် စုံစမ်းစစ်ဆေးရေးများ သို့မဟုတ် အရေးယူဒဏ်ခတ်ခြင်း လုံးဝမရှိသဖြင့် စစ်တပ်သည် လုံးဝ အရေးယူ ဒဏ်ခတ်ခြင်းမခံရသည့် အခြေအနေတွင် ရှိနေသည်။

၂၄။ ယခင် လုပ်ဆောင်ချက်များ ကဲ့သို့ တာဝန်ခံမှုရှိစွာ အရေးယူ ဆောင်ရွက်ကြောင်း လက်ခံယုံကြည်မှု ပေးနိုင်ရန် ရည်ရွယ်၍ [7] (၂၀၂၀) ခုနှစ်၊ ဇန်နဝါရီလတွင် အစိုးရ ဖွဲ့စည်းထားသော သီးခြားလွတ်လပ်သည့် စုံစမ်းစစ်ဆေးရေး ကော်မရှင်သည် နိုင်ငံတော် သမ္မတထံသို့ ၎င်းတို့၏ အစီရင်ခံစာအား တင်သွင်းခဲ့သည်၊ (ထိုကော်မရှင်အား အမျိုးသား ကော်မရှင်ဟုလည်း ညွှန်းဆိုခေါ်ဝေါ်ကြသည်)။ ထိုအစီရင်ခံစာ၌ အကြံပြုချက်များနှင့် အချို့ နောက်ဆက်တွဲများ ပါဝင်သော အနှစ်ချုပ် (၁၄) မျက်နှာမှ လွဲ၍ အစီရင်ခံစာအား ထုတ်ပြန်ခဲ့ခြင်း မရှိပေ။ အမျိုးသား ကော်မရှင်၏ လုပ်ထုံးလုပ်နည်းများသည် အချက်အလက် ရင်းမြစ်များ၏ အမျိုးအစားနှင့် ၎င်းတို့အား ဆန်းစစ်ရွေးချယ်မှု၊ မျက်မြင် သက်သေများအား ချဉ်းကပ်မှုနှင့် ၎င်းတို့အား အကာအကွယ်ပေးမှု၊ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ရှိနေသော ပြစ်မှုကျူးလွန်ခံရသူ ရိုဟင်ဂျာများနှင့် မျက်မြင်သက်သေ တစ်ဦးတစ်ယောက်ကိုမျှ အင်တာဗျူးခြင်း မရှိမှု အပါအဝင် ရရှိထားသည့် အချက်အလက်များ အပေါ် အခြေခံ၍ ရှာဖွေတွေ့ရှိချက်များနှင့် အကြံပြုချက်များအား ကျောထောက်နောက်ခံ ပြုထားသည့် ဖြစ်ရပ်မှန် အချက်အလက်များနှင့် ဥပဒေနည်းအရ ဆန်းစစ်သုံးသပ်ချက် ပြုထားသော လေ့လာဆန်းစစ်မှု တစ်ရပ် ပြည့်ပြည့်ဝဝ မည်သို့မျှ မဖြစ်နိုင်ချေ။ ကော်မရှင်အဖွဲ့၏ ဖွဲ့စည်း တည်ဆောက်ပုံ၊ လုပ်ပိုင်ခွင့် တာဝန်၊ အချိန်သတ်မှတ်မှု၊ သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်မှုနှင့် ကြားနေ ဘက်မလိုက်မှုတို့သည် ယခင်က စိုးရိမ်ခဲ့ရသည့် အတိုင်း ဆက်လက် စိုးရိမ်ပူပန်နေရဆဲ ဖြစ်သည်။ ထိုအမျိုးသား ကော်မရှင် အဖွဲ့၏ လုပ်ပိုင်ခွင့် တာဝန်သည် အလွန် တိုတောင်းသည့် (၁၂) ရက် အတောအတွင်း ရခိုင်ဒေသ၌ ဖြစ်ပွားခဲ့သော အထူး အဖြစ်အပျက်များ အပေါ် အလေးထား စုံစမ်းစစ်ဆေးရသည် ဖြစ်ရာ နိုင်ငံ၏ အခြား ဒေသများတွင် ကျူးလွန်ခဲ့သော အကြမ်းဖက် သတ်ဖြတ်မှုများ သို့မဟုတ် ရာဇဝတ်မှုများအား ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးနိုင်ခြင်း မရှိခဲ့ချေ။ တိုင်းရင်းသား လူနည်းစုများ အပေါ် ဦးတည်၍ ထပ်တလဲလဲ ဖြစ်ပွားနေသော အကြမ်းဖက် သတ်ဖြတ်မှုများနှင့် စဉ်ဆက်မပြတ် ဖြစ်ပွားနေသော လွန်စွာ ကြီးလေးသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ခွဲခြားဆက်ဆံမှု ရှိသည့် မူဝါဒများနှင့် အလေ့အထတို့တွင် အခြေခံအားဖြင့် ချိတ်ဆက်မှု ရှိကြောင်းနှင့် ဖော်ပြပါ ဒေသများတွင် ရာဇဝတ်မှုကြီးများ ဖြစ်ပွားနေကြောင်းတို့ကို မြန်မာနိုင်ငံ၏ အာဏာပိုင် အဖွဲ့အစည်းများက ဆက်လက် ငြင်းဆန်နေဆဲ ဖြစ်သည်။

၂၅။ အမျိုးသား ကော်မရှင် အဖွဲ့၏ အကြံတိုက်တွန်းချက်များတွင် မြန်မာနိုင်ငံ၏ တရားစီရင်ရေး စနစ်သည် အင်စတီကျူးရှင် အရ အားနည်းချက် ရှိသည် ဟူသည့် အချက်အား

[7] A/HRC/39/64 အစီရင်ခံစာ, အပိုဒ် 95–99; A/HRC/39/CRP.2 အစီရင်ခံစာ, အပိုဒ် 1601–1609; A/HRC/40/37 အစီရင်ခံစာ, အပိုဒ် 56–59; နှင့် CEDAW/C/MMR/CO/EP/1 အစီရင်ခံစာ, အပိုဒ် 9

ထည့်သွင်းစဉ်းစားရန်နှင့် ပြည့်ဝစုံလင်စွာ ညွှန်းဆိုဖော်ပြရန် ပျက်ကွက်ခဲ့ပေသည်။ ဆယ်စုနှစ်များကြာအောင် ကျူးလွန်ခဲ့သည့် ကြီးလေးသော အကြမ်းဖက် သတ်ဖြတ်မှုများအား အသိအမှတ်ပြု ဖော်ပြရန်နှင့် ဒီမိုကရေစီနှင့်တရားဥပဒေ စိုးမိုးမှု ရရှိစေရန် ရည်မှန်းလျှင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများအား ပြည့်ဝစွာ လိုက်နာပြီး ဘက်လိုက်မှု မရှိသော၊ အာမခံချက် ရှိသည့် စနစ်ယန္တရားများမှ တဆင့် တရားသဖြင့် ပြန်ဖြစ်စေခြင်း (transitional justice) ဆိုင်ရာ အစပြု လုပ်ငန်းစဉ်များတွင် ပါဝင်သည့် တာဝန်ခံမှုရှိရှိ အရေးယူ ဆောင်ရွက်မှုမျိုး ရှိရပါမည်။ အကြမ်းဖက်ပြစ်မှု ကျူးလွန်သူများအား အရေးမယူ ဒဏ်မခတ်သည့် အခြေအနေအား အဆုံးသတ်ပြီး အကြမ်းဖက် ပြစ်မှုများ ထပ်မံ ဖြစ်ပွားနိုင်မှုကို ကာကွယ်ရန် ရည်ရွယ်၍ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုင်ရာ၊ ပြဋ္ဌာန်း ဥပဒေ ဆိုင်ရာ၊ အင်စတီကျူးရှင်း အဖွဲ့အစည်းများ ဆိုင်ရာနှင့် အုပ်ချုပ်ရေး ရုံးလုပ်ငန်းပိုင်း ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား သက်ဆိုင်ရာ လူပုဂ္ဂိုလ်၊ အဖွဲ့စအည်းများ အားလုံး ပါဝင်ခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်မည့် လုပ်ငန်းစဉ် တစ်ခု လိုအပ်နေပါသည်။

၂၆။ (၂၀၁၉) ခုနှစ်၊ ဒီဇင်ဘာလတွင် လူမျိုးတုံး သတ်ဖြတ်ခြင်း ဆိုင်ရာ ရာဇဝတ်မှုအား တားဆီးကာကွယ်ခြင်းနှင့် အရေးယူခြင်း ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် စာချုပ်နှင့် ပတ်သက်သော (ဂမ်ဘီယာနှင့် မြန်မာနိုင်ငံအကြား) အမှုနှင့် ဆက်စပ်၍ အပြည်ပြည်ဆိုင်ရာ တရားရုံး ရှေ့မှောက်သို့ မြန်မာနိုင်ငံက ရောက်ရှိလာခဲ့သည်။ ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် စာချုပ် အရ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ လူမျိုးစု တစ်ခုလုံး၊ ရိုဟင်ဂျာများနှင့် ဂမ်ဘီယာ နိုင်ငံ၏ အခွင့်အရေးအား ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ ဂမ်ဘီယာ နိုင်ငံက အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ ဦးတိုက် လျှောက်ထားခဲ့ပြီး တရားရုံးက နောက်ဆုံး စီရင်ချက် မချမီ ကြားဖြတ် စီမံဆောင်ရွက်ချက်များ (Provisional measures) ဆိုင်ရာ အမိန့်ချမှတ်ပေးရန် တောင်းဆိုခဲ့သည့် တရားရုံး ကြားနာချိန်တွင် မြန်မာနိုင်ငံ ကိုယ်စားပြု အဖွဲ့က နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေ (IHL) အား ဆက်လက် လစ်လျူရှု၍ မရနိုင်ကြောင်းနှင့် ပြစ်မှုဆိုင်ရာ တာဝန်ရှိသူများအား အရေးယူရန် အတွက် စိတ်ဆန္ဒရှိပါကြောင်း ပြောကြားခဲ့သည်။ သို့သော် လက်ရှိအချိန်အထိ အမျိုးသား ကော်မရှင်နှင့် စစ်တပ် တရားရေး လုပ်ငန်းစဉ်များမှ တဆင့် ဆောင်ရွက်မှုများသည် တာဝန်ခံမှုဖြင့် အရေးယူ ဆောင်ရွက်သည့် ထိရောက်သော လုပ်ငန်းစဉ်များအား နှောင့်နှေးစေသည့် ပုံစံမှာလည်း ဆက်လက် တည်ရှိနေသလို ပြစ်မှု ကျူးလွန်သူများအား အရေးယူ ဒဏ်ခတ်ခြင်း မရှိသည့် အလေ့အထမှာလည်း ဆက်လက် တည်ရှိနေသောကြောင့် လုံလောက်ခြင်း မရှိသေးဟု ဆိုနိုင်သည်။ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ကြားနာစဉ် အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) ၏ ရှာဖွေတွေ့ရှိချက်များတွင် "ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၊ ရံဖန်ရံခါ အမျိုးသားများနှင့် ယောကျာ်းလေးများအား ပစ်မှတ်ထား၍ ကျူးလွန်လေ့ရှိသော မုဒိန်းမှုများ၊ အစုလိုက် အပြုံလိုက် မုဒိန်းကျင့်ခြင်းများနှင့် လိင်အကြမ်းဖက်မှုများ"နှင့် ဆက်စပ်၍ ဖော်ပြခဲ့ပါသော်ငြားလည်း မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့သည် လိင်နှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုများ ဆိုင်ရာ ကိစ္စရပ်များ အကြောင်း ပြည့်ပြည့်စုံစုံ ထည့်သွင်း ပြောကြားသွားခြင်း မရှိပေ။[8] နိုင်ငံတော်အဆင့် ကော်မရှင် အဖွဲ့၏ လက်ခံရရှိထားသော ရှာဖွေတွေ့ရှိချက်များသည် တာဝန်မယူခြင်း သို့မဟုတ် တာဝန်ရှိမှုအပေါ် ငြင်းဆန်ခြင်း ရှိသည့် အတွက် ကော်မရှင် အဖွဲ့၏ အမှန်တကယ် တာဝန်ခံမှုရှိစေရန်နှင့် သီးခြားလွတ်လပ်မှု ရှိစေရန် သေချာစေမည့် အာဏာပိုင် အဖွဲ့အစည်းများ၏ စိတ်ဆန္ဒ အပေါ် မေးခွန်းထုတ်စရာ ဖြစ်လာသည်။

၂၇။ (၂၀၂၀) ခုနှစ်၊ ဇန်နဝါရီလတွင် အပြည်ပြည်ဆိုင်ရာ တရားရုံးက ကြားဖြတ် စီမံ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် ရိုဟင်ဂျာများ၏ နေရာဒေသ၌ ရိုဟင်ဂျာ

[8] A/HRC/39/CRP.2, အပိုဒ် 1276 အား ကြည့်ပါ။

လူမျိုးစုဝင်များနှင့် ဆက်စပ်၍ လူမျိုးတုံး သတ်ဖြတ်ခြင်း ဆိုင်ရာ ရာဇဝတ်မှုအား တားဆီး ကာကွယ်ခြင်းနှင့် အရေးယူခြင်း ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် စာချုပ်တွင် ဖော်ပြထားသော လူမျိုးတုံး သတ်ဖြတ်မှုဟု သတ်မှတ်နိုင်သည့် လုပ်ရပ်များအားလုံးကို စေခိုင်းခြင်းမှ ကာကွယ်ရန်၊ ပြစ်မှုဆိုင်ရာ စွပ်စွဲချက်များနှင့် သက်ဆိုင်သော သက်သေများအား မူလ အခြေအနေအတိုင်း ထိန်းသိမ်းထားရန်နှင့် ကြားဝင် စီမံဆောင်ရွက်ချက်များနှင့် ဆက်စပ်သော လုပ်ငန်း အကောင်အထည် ဖော်ချက်များအား အချိန်ကာလ အလိုက် အစီရင်ခံ တင်ပြရန် အတွက် အစွမ်းရှိသမျှ ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ (၂၀၂၀) ခုနှစ်၊ မေလ (၂၂) ရက်နေ့တွင် မြန်မာနိုင်ငံသည် ၎င်း၏ ပထမ အစီရင်ခံစာအား တင်သွင်းခဲ့ပြီး ယနေ့ အချိန်ထိ ၎င်းအစီရင်ခံစာအား လူအများသိအောင် ချပြခြင်း မရှိသေးပေ။ (၂၀၂၀) ခုနှစ်၊ မေလ၊ (၈) ရက်နေ့တွင် မြန်မာနိုင်ငံ၏ နိုင်ငံတော် သမ္မတရုံးသည် စစ်တပ် အပါအဝင် အစိုးရ အရာရှိများအား ညွှန်ကြားချက် (၂) ခု ထုတ်ပြန်ခဲ့ပြီး ထိုညွှန်ကြားချက်များတွင် လူမျိုးတုံး သတ်ဖြတ်ခြင်း ဆိုင်ရာ ရာဇဝတ်မှုအား တားဆီးကာကွယ်ခြင်းနှင့် အရေးယူခြင်း ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် စာချုပ် အပိုဒ် (၂) နှင့် အပိုဒ် (၃) တွင် ဖော်ပြထားသော လုပ်ရပ်များအား ကျူးလွန်ခြင်း မပြုရန်နှင့် အမျိုးသား အဆင့် ကော်မရှင်၏ နောက်ဆုံး အစီရင်ခံစာတွင် ဖော်ပြထားသော အဖြစ်အပျက်များနှင့် ဆက်စပ်သော သက်သေ အချက်အလက်များအား ဖျောက်ဖျက်ခြင်း မပြုလုပ်ရန်တို့ ဖြစ်ကြသည်။ ထိုသို့ သမ္မတရုံး၏ ညွှန်ကြားချက်များ ဆိုင်ရာ အကြောင်းအရာများအား အစိုးရ အရာရှိများ နှင့် အစိုးရဌာန ဆိုင်ရာ အဖွဲ့အစည်းတို့၏ အဆင့်တိုင်းတွင် ဖြန့်ဖြူးဝေငှရန်နှင့် သိရှိမှု အားကောင်းရန် အတွက် အာဏာပိုင် အဖွဲ့အစည်းများက ဆက်လက် လုပ်ဆောင်မှုများနှင့် ဆက်စပ်သော အချက်အလက်များအား မတွေ့ရပေ။

၂၈။ သက်သေများအား မပျောက်ပျက်အောင် ထိန်းသိမ်းထားဖို့ သမ္မတရုံး ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းသည် ရခိုင်တွင် အရေးကိစ္စများ ဖြစ်ပွားပြီး (၃) နှစ် နီးပါး အကြာတွင်မှ ထုတ်ပြန်ခြင်း ဖြစ်သည်။ (၂၀၁၇) ခုနှစ်၊ သြဂုတ်လကတည်းက မြန်မာနိုင်ငံသည် "လွတ်သွားသည့် မြေနေရာများအား အပိုင်စီး သိမ်းဆည်းခြင်းနှင့် နယ်မြေရှင်းခြင်း" နှင့် "ရိုဟင်ဂျာ ရပ်ရွာအသိုင်းအဝန်း ရှိခဲ့သည့် ခြေရာလက်ရာတိုင်းအား ဖျက်ပစ်ခြင်း" နည်းလမ်းများမှ တဆင့် ရိုဟင်ဂျာများ နေရပ်ပြန်ရေးကို တက်ကြွစွာ ကာကွယ်တားဆီးခဲ့ကြောင်း အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) က ကောက်ချက်ချသည်။[9] ရိုဟင်ဂျာများ နေရပ်ပြန်ရေး အတွက် တည်ဆောက်ထားသော သောင်ပြိုလက်ရာ၊ ငါခုရာ ပြန်လည် လက်ခံရေး စခန်းများနှင့် လုပိုးခေါင် လွှဲပြောင်းရေး စခန်းတို့သည် ယခင် ရိုဟင်ဂျာများ ရပ်တည်နေထိုင်ခဲ့သည့် ကျေးရွာများ တည်နေရာတွင် တည်ဆောက်ထားခဲ့ခြင်း ဖြစ်ရာ ထိုနေရာများတွင် ရှိခဲ့သည့် သက်သေများအား ဖျက်ဆီးပစ်ခဲ့သည့် အလားအလာ ရှိကြောင်း ဂြိုလ်တု ဓာတ်ပုံများအရ အခိုင်အမာ အတည်ပြုပါသည်။ ထိုသို့သော အလားတူ ဆောက်လုပ်ရေးများအား မောင်းတော မြို့နယ်ရှိ ကျေးရွာများနှင့် ရသေ့တောင် မြို့နယ်ရှိ ပေါင်းဇာ ကျေးရွာတို့တွင် (၂၀၁၇) ခုနှစ်မှ စ၍ တည်ဆောက်နေခဲ့ကြောင်း သက်သေလည်း ရှိပါသည်။

၂၉။ (၂၀၂၀) ခုနှစ်၊ မေလ တလျှောက်လုံးတွင် တပ်မတော်သည် ဘူးသီးတောင် မြို့နယ်ရှိ နေရာအတော်များများအား မီးရှို့ခဲ့ခြင်းကြောင့် ယခင်က ရှိခဲ့သည့် ရိုဟင်ဂျာ ကျေးရွာ (၅) ခုမှ ကျေးရွာ တစ်ဒါဇင်ကျော် အထိ ပျက်စီးခဲ့ကြောင်း သတင်းအစီရင်ခံစာများ ရှိခဲ့သည်။ (၂၀၁၇) ခုနှစ်တွင် "နယ်မြေရှင်းလင်းရေး" ဟု ခေါ်ဆိုသည့် စစ်ဆင်ရေးများကြောင့် ထောင်ပေါင်း များစွာသော ရိုဟင်ဂျာများသည် ထွက်ပြေးတိမ်းရှောင်နေခဲ့ရပြီး ၎င်းတို့ ထွက်ပြေးကတည်းက

[9] Ibid., para. 1182.

၎င်းနေရာများတွင် လူမနေသည့် နေအိမ် အဆောက်အအုံများအား ဖျက်ဆီး ဖျောက်ဖျက်မှုသည် ထိုအချိန်ကတည်းက စတင်နေခဲ့သည်။ မေလတွင် တပ်မတော်သည် ထိုနေရာသို့ ပြန်လည် ရောက်ရှိလာကာ ယင်းမကျောင်း၊ ဒုံးပိုင်၊ သင်ဂနက်နှင့် ကုန်းတောင် ကျေးရွာများရှိ ကျန်ရှိနေသေးသော အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့သည်။ မျက်မြင် သက်သေများ၏ ပြောဆိုချက်အရ မီးရှို့ဖျက်ဆီးခဲ့သော ထိုနေရာများသည် ရခိုင့် တပ်မတော်နှင့် လက်နက်ကိုင် တိုက်ပွဲဖြစ်ပွားသည့် နေရာများတွင် မပာတ်သလို ပဋိပက္ခ စတင် ဖြစ်ပွားသည့် အချိန်မှ စ၍ ထိုနေရာတွင် တိုက်ပွဲ ဖြစ်ဖွားခဲ့ခြင်း မရှိပေ။ (၂၀၂၀) ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့စွဲဖြင့် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးထံသို့ ပေးပို့သည့် စာတွင် (၂၀၂၀) ခုနှစ် မေလ အတွင်း ဘူးသီးတောင် မြို့နယ်၌ တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည် ဟူသည့် စွပ်စွဲချက်နှင့် ပတ်သက်၍ "မည်သည့် အခါတွင်မှ ထိုသို့သော တိုက်ခိုက်မှုမျိုး မဖြစ်ပွားခဲ့"ဟု ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံက ဂျနီဗာရှိ ကုလသမဂ္ဂရုံးများနှင့် အခြား အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်းများသို့ အကြောင်းကြား ဖော်ပြခဲ့သည်။

## ဂ။ လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှု

၃၀။ လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုများနှင့် ဆက်စပ်၍ ပြစ်မှု ကျူးလွန်သူများသည် ပြစ်ဒဏ်ကျခံရခြင်းမှ ကင်းလွတ်နေဆဲ ဖြစ်သည်။ လက်နက်ကိုင် ပဋိပက္ခ အခြေအနေနှင့် ပဋိပက္ခ မဖြစ်သည့် အခြေအနေများ၌ ထိုသို့သော ရာဇဝတ်မှုများအား လုံခြုံမှု၊ ထိရောက်မှု၊ လက်လှမ်းမှီမှုနှင့် ဂျန်ဒါ ထိရှလွယ်မှု ရှိသည့် တိုင်တန်းတင်ပြသည့် နည်းစနစ်များ မရှိပေ။ အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) က မှတ်တမ်းပြုစုခဲ့သော လိင်နှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှု ဆိုင်ရာ သက်သေများကိုလည်း အမျိုးသား ကော်မရှင်က ချန်လှပ်ခဲ့ပါသည်။ ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် အကြမ်းဖက်မှုများနှင့် အကူအညီ ရရှိရေးနှင့် ဆက်စပ်သော သတင်းပေး တိုင်ကြားရာတွင်လည်း သိသာထင်ရှားသော အခက်အခဲများအား ကြုံတွေ့နေရဆဲ ဖြစ်သည်။ ကျူးလွန်ခံရသူများ အတွက် အရေးဆို လုပ်ဆောင်ပေးနေသူများက တင်ပြသည့် အခက်အခဲ စိန်ခေါ်မှုများ၌ တိုင်းရင်းသား လူနည်းစု အသိုင်းအဝန်းနှင့် ဆက်ဆံရာတွင် ကြုံတွေ့ရသော ဘာသာစကား အခက်အခဲများ၊ စိတ်ဒဏ်ရာ ရရှိမှုများ၊ စစ်တပ်နှင့် ဆက်နွယ်မှု ရှိလျှင် နိုင်ငံတော် အကြည်အညို ပျက်စေမှု ဥပဒေဖြင့် အရေးယူခံရမည်ကို စိုးရိမ်ထိတ်လန့်ရမှု စသည်တို့ ပါဝင်သည်။ ထိုအခက်အခဲများကြောင့် မြန်မာနိုင်ငံ၌ လိင်အကြမ်းဖက်မှု ဆိုင်ရာ အကူအညီ ရယူရန် ခက်ခဲပြီး မြန်မာနိုင်ငံ တလွှားတွင် ဖြစ်ပွားနေသော လိင်အကြမ်းဖက်မှုများမှ အလွန်နည်းပါးသည့် ပမာဏအား ကိုယ်စားပြုသော အမှု အရေအတွက် အနည်းငယ်သာ တိုင်ကြားကြမှုရှိခြင်း ဖြစ်သည်။ ထိုသို့သော အခက်အခဲများအား ကျေးလက်ဒေသနှင့် အစိုးရ ထိန်းချုပ်မှုအောက်၌ မရှိသော နေရာများတွင် တမူထူးခြားစွာ တွေ့ရတတ်ပြီး ထိုနေရာများတွင် လိင်အကြမ်းဖက်မှုများအား ကြားလူများ၏ ဖြန်ဖြေမှုကြောင့် လျော်ကြေးပေးခြင်းမှ တဆင့် ဖြေရှင်းခြင်းခဲ့သည့် အမှုများ ရှိနေပါသည်။

၃၁။ (၂၀၁၉) ခုနှစ်၊ ဖေဖဝါရီလတွင် အစိုးရက လိင်အကြမ်းဖက်မှု ခံစားတွေ့ကြုံရသူများ အတွက် ကျန်းမာရေး ဝန်ဆောင်မှု ပေးရန်၊ မိခင်များနှင့် ကလေးငယ်များ အတွက် ခိုလှုံမှု ပေးရန်နှင့် လိင်အကြမ်းဖက် ခံရသူများအား ဥပဒေ အထောက်အကူပြုပေးရန် ရည်ရွယ်၍ "ဝမ်းစတော့ အကြပ်အတည်းဖြေရှင်းရေး စင်တာ" နှင့် "ဝမ်းစတော့ အမျိုးသမီး ထောက်ပံ့ရေး စင်တာ" တို့အား မိတ်ဆက်ခဲ့သည်။ ထိုသို့သော အစီအစဉ်များသည် အပြုသဘောဆောင်သည့် ခြေလှမ်းများ ဖြစ်ပါသော်လည်း ထိုစင်တာများ၏ အရေအတွက်သည် နည်းပါးကာ ထိခိုက်မှု အရှိဆုံး လူထုက ထိုစင်တာများသို့ အကန့်အသတ်ဖြင့်သာ ချဉ်းကပ်နိုင်ကြသည်။ မြန်မာနိုင်ငံ၌ လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု အပေါ် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ ငွေကြေး အဖိုးအခ မပေးရသော၊ တိုင်ကြားသူများ၏ အချက်အလက်အား လျှို့ဝှက်ပေးသော၊

ကဏ္ဍပေါင်းစုံနှင့် ဆက်စပ်သော ဝန်ဆောင်မှုများအား အကန့်အသတ် မရှိ လက်လှမ်းမီ ရရှိရေးမှာ လက်ရှိအချိန်အထိ လပ်လစ်နေဆဲ ဖြစ်ပါသည်။ လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် အားကစားနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့သည် ကျူးလွန်ခံထားရသူများအား ဗဟိုပြုသော တုံ့ပြန်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များအား ရေးဆွဲပြီးနောက် သွားရောက်ရန် ခက်ခဲသော နေရာများရှိ လူထုနှင့် လက်နက်ကိုင် ပဋိပက္ခကြောင့် ဒုက္ခရောက်နေသူများ အတွက် လက်လှမ်းမှီနိုင်သော ဝန်ဆောင်မှုများ ရရှိရေး ဆောင်ရွက်ရပါမည်။ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများ အထူးသဖြင့် ကျူးလွန်ခံရသူ ဗဟိုပြု တုံ့ပြန်ကူညီပေးရေး ဝန်ဆောင်မှုများအား သွားရောက် ပေးအပ်နိုင်ခွင့်ကို သက်ဆိုင်ရာ ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများ အားလုံးသို့ ပေးအပ်ရပါမည်။

၃၂။ (၂၀၁၈) ခုနှစ်၌ Office of the Special Representative of the Secretary-General on Sexual Violence in Conflict နှင့် သဘောတူညီချက် စာချုပ် ချုပ်ဆိုပြီးနောက်တွင် မြန်မာအစိုးရသည် ထိုသဘောတူညီချက်အား အကောင်အထည်မည့် လုပ်ငန်း စီမံကိန်း တစ်ခု ရေးဆွဲရန် (၂၀၁၉) ခုနှစ်၊ မတ်လ၌ အမျိုးသားအဆင့် ကော်မတီ တစ်ရပ်အား ဖွဲ့စည်းခဲ့ပါသည်။ ဝမ်းနည်းစရာကောင်းလှသည့် အချက်မှာ အပြည့်ပြည့် ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကွဲလွဲ၍ မြန်မာအစိုးရသည် စောင့်ကြည့် အကဲခတ်ခြင်းနှင့် လက်လှမ်းမှီခြင်း ကိစ္စရပ် အပေါ် စိုးရိမ်ပူပန်သည်ဟု ဆိုကာ ကုလသမဂ္ဂက အတည်ပြု ထောက်ခံပေးနိုင်သည့် လုပ်ငန်း အစီအစဉ် တစ်ရပ်အား ဆောင်ရွက်နိုင်ခြင်း မရှိသေးပေ။ ထိုသို့ လုပ်ငန်း အစီအစဉ် မူကြမ်းအား အတည်မပြုနိုင်သေးမှီ လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုအား ကျူးလွန်ခံရသူများ အတွက် အဓိက ကျသော အကာအကွယ် စောင့်ရှောက်မှု ပေးခြင်းများ ကင်းမဲ့နေသည်။ တိုင်ကြားသူများ၏ အချက်အလက်အား လျှို့ဝှက်ပေးခြင်းနှင့် တိုင်ကြားသူများအား လက်စားချေ ရန်ပြုခြင်းမှ အကာအကွယ်ပေးခြင်း ရှိသည့် တိုင်ကြားသည့် စနစ် တစ်ခု အပါအဝင် ဆက်စပ်သော ဥပဒေများ အတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ မရှိခြင်း၊ အလုံးစုံ ပါဝင်ခွင့် မရခြင်းနှင့် အကြမ်းဖက်မှုမှ ကြုံတွေ့လွတ်မြောက်လာသူများ အခြေပြု ထောက်ပံ့မှု မပေးနိုင်ခြင်းတို့ကြောင့် ထိုလုပ်ငန်း အစီအစဉ် မူကြမ်းအဆင့်၌ပင် စိုးရိမ်ပူပန်စရာများ ရှိနေပါသည်။

၃၃။ (၂၀၁၃) ခုနှစ်တွင် စတင်ခဲ့သည် ကြာရှည်သော မူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ် နောက်ပိုင်းဖြစ်သည့် (၂၀၂၀) ခုနှစ်၊ ဇန်နဝါရီလတွင်မှ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ကာကွယ်ရေး ဥပဒေမူကြမ်းအား လွှတ်တော်သို့ တင်သွင်းနိုင်ခဲ့ပါသည်။ လူမှု အဖွဲ့အစည်းနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများက ထိုတင်သွင်းသည့် ဥပဒေကြမ်းတွင် ပါဝင်သော အကြောင်းအရာများ အပေါ် စိုးရိမ်ပူပန်ကြောင်း ထောက်ပြပြောဆိုခဲ့သော်လည်း ၎င်းသည် အမျိုးသမီးများ အပေါ် ခွဲခြားဆက်ဆံသည့် ပုံစံအမျိုးမျိုးအား အဆုံးသတ်ရေး ဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသော နိုင်ငံတကာ စံချိန်စံနှုန်းများနှင့် နှိုင်းယှဉ်လျှင် အားနည်းချက်များ ရှိနေဆဲ ဖြစ်ပြီး ထိုသို့ အားနည်းချက်များ ရှိသည့် ထိုဥပဒေကြမ်း အပေါ် အမျိုးသမီးများ အပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေး ဆိုင်ရာ ကော်မတီကလည်း ထောက်ပြညွှန်းဆိုခဲ့ပြီး ဖြစ်သည်။[10] ထို့ကြောင့် လက်ရှိ မူကြမ်း ပုံစံ အတိုင်း ဥပဒေ အတည်ဖြစ်လျှင် အမျိုးသမီးများ အတွက် ဥပဒေ အကာအကွယ်ပေးမှု လုံလောက်မှု ရှိမရှိ အပေါ် စိုးရိမ်မှုများ ဆက်လက် ရှိနေပါသည်။

[10] CEDAW/C/MMR/CO/EP/1, အပိုဒ် 17–18 အား ကြည့်ပါ။

## ဃ။ အခြေခံ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ

၃၄။ မြန်မာနိုင်ငံအတွင်း အခြေခံ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအား ကာကွယ်ခြင်းနှင့် တန်ဖိုးထား လေးစားခြင်းတို့နှင့် ဆက်စပ်၍ မြန်မာနိုင်ငံကလည်း သဘောတူ လက်ခံထားသည့် ထိုအကြံပြု တိုက်တွန်းချက်များ ဖြစ်သည့် (Universal Periodic Review) ဖြစ်စဉ်တွင် အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM)၊ အမျိုးသမီးများ အပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေး ဆိုင်ရာ ကော်မတီနှင့် ကုလသမဂ္ဂ အထူး ကိုယ်စားလှယ်တို့၏ အကြံပြု တိုက်တွန်းချက် အများစုကို အကောင်အထည် ဖော်ထားခြင်း မရှိသေးချေ။ လူ့အခွင့်အရေး ကာကွယ်သူများ၊ သတင်း မီဒီယာသမားများနှင့် ပြည်သူတစ်ဦးဦးသည် အတိုက်အခံ သဘောထား အမြင်များအား ဖော်ပြရာတွင် ၎င်းတို့၏ အခွင့်အရေးများအား ထုတ်ဖော်ပြောကြားသည့် အတွက် ခြိမ်းခြောက်ခံရခြင်းနှင့် ဥပဒေအရ အရေးယူခံရခြင်းများအား စဉ်ဆက်မပြတ် ကြုံတွေ့ ခံစားနေရသည့် အတွက် ဒီမိုကရေစီ ဆိုင်ရာ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအား ကျင့်သုံးရန် နေရာများ တဖြည်းဖြည်း နည်းပါးလာသည်။ လှုပ်ရှားတက်ကြွသူများသည် (၂၀၁၁) ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာ ဥပဒေနှင့် အညီ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပါသော်လည်း အကျဉ်းချခံနေရဆဲ ဖြစ်သည်။ (၂၀၁၉) ခုနှစ်၊ ဖေဖဝါရီလတွင် တက္ကသိုလ်ကျောင်းဝင်း အတွင်း လုံခြုံရေး တိုးမြှင့်ပေးရန် မန္တလေး၌ ဆန္ဒထုတ်ဖော်ပွဲ တစ်ခုအား ကြိုတင် အကြောင်းကြားရန် ပျက်ကွက်ခဲ့သည် ဟူ၍ ကျောင်းသား (၇) ဦးအား ထောင်ဒဏ် (၃) လ ချမှတ်ခဲ့သည်။ (၂၀၂၀) ခုနှစ်၊ ဖေဖဝါရီလတွင် မြန်မာနိုင်ငံ အနောက်ဘက်၌ အင်တာနက် ပိတ်ထားမှုအား ဆန့်ကျင်သည့် ဆန္ဒပြပွဲ အတွက် ရန်ကုန်၌ ကျောင်းသား (၅) ဦးအား ထောင်ဒဏ် ချမှတ်ခဲ့သည်။

၃၅။ အစီရင်ခံစာ ရေးသားသည့် ကာလ အတွင်း အထူးသဖြင့် တပ်မတော် စစ်ဆင်ရေးနှင့် ဆက်စပ်သော ကိစ္စရပ်များတွင် သီးခြားလွတ်လပ်သော သတင်း စာနယ်ဇင်း လောကအား ရာဇဝတ်သားပမာ ဆက်ဆံလာခြင်းတို့ဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ကန့်သတ်မှု တိုးလာကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။ (၂၀၂၀) ခုနှစ် နှစ်ဆန်းပိုင်းတွင် ရခိုင့် တပ်တော်အား အကြမ်းဖက် အဖွဲ့အစည်း အဖြစ် ကြေညာသတ်မှတ်ပြီးနောက်တွင် ရခိုင့် တပ်တော်၏ ပြောရေးဆိုခွင့် ရှိသူနှင့် အင်တာဗျူး ဖြေကြားချက်များအား တင်ဆက် ထုတ်လွှင့်သောကြောင့် The Voice of Myanmar, Naranjara နှင့် Khit Thit သတင်းမီဒီယာ အယ်ဒီတာများအား အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေဖြင့် တရားစွဲခံခဲ့ရသည်။ The Voice of Myanmar မီဒီယာ အဖွဲ့မှ နေလင်းသည် (၂၀၂၀) ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး (၂၀၂၀) ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့မှ ပြန်လည် လွှတ်မြောက်ခဲ့သော်လည်း Naranjara နှင့် Khit Thit မီဒီယာ အဖွဲ့ အယ်ဒီတာများမှာမူ ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့် အတူ ရှောင်တိမ်းနေရဆဲ ဖြစ်သည်။ ရခိုင်တွင် ဖြစ်ပွားနေသည့် ပဋိပက္ခများအား သတင်းယူခဲ့သည့် အတွက် Development Media Group ၏ အယ်ဒီတာ အောင်မာန်ဦးအား (၂၀၁၉) ခုနှစ်၊ မေလတွင် လည်းကောင်း၊ Irrawaddy သတင်းဌာနအား (၂၀၁၉) ခုနှစ်၊ ဧပြီလတွင် လည်းကောင်း၊ ရိုက်တာ သတင်းဌာနာအား (၂၀၂၀) ခုနှစ်၊ မတ်လတွင် လည်းကောင်း တပ်မတော်က မီဒီယာများအား အမှုဖွင့် တိုင်ကြားမှုများ အစပြု လုပ်ဆောင်ခဲ့သည်။ တပ်မတော်သည် ထိုသို့ အမှုဖွင့် တိုင်ကြားမှုများမှ အချို့ကို ပယ်ဖျက်ခဲ့သော်လည်း ထိုသို့သော တရားစွဲဆိုမှုများသည် သတင်း မီဒီယာ လုပ်ငန်းတာဝန်အား ဖိနှိပ်သည့် ခြိမ်းခြောက်မှုများ အဖြစ် ဒေသခံ သတင်းမီဒီယာ သမားများက မှတ်ယူကြသည်။

၃၆။ (၂၀၁၈) နှင့် (၂၀၁၉) ခုနှစ်တွင် တပ်မတော်နှင့် အစိုးရ အရာရှိတို့သည် နိုင်ငံတော် အကြည်အညို ပျက်စေမှုဖြင့် အမှုပေါင်း (၁၅၀) အထိ တရားစွဲဆိုခဲ့သည်။ (၂၀၁၉) ခုနှစ်၊ ဧပြီလ၌ ရန်ကုန်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ဒေါင်းမျိုးဆက် သံချပ် အဖွဲ့ဝင်တို့သည် သရော်စာသဘောဖြင့် သံချပ်ထိုး ဖျော်ဖြေမှုပြီးနောက် တပ်မတော်အား အသရေဖျက်သည်

ဟူသည့် စွပ်စွဲချက်ဖြင့် ဒေါင်းမျိုးဆက် သံချပ် အဖွဲ့ဝင် (၇) ဦးကို ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၅ (က) နှင့် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ) တို့ဖြင့် မြို့နယ် တရားရုံး (၆) ခု၌ အမှုဖွင့် တရားစွဲခဲ့သည်။ ထို (၇) ဦးမှ (၆) ဦးအား တရားရုံးများတွင် စီရင်ချက်ချကာ ထောင်ဒဏ် (၁) နှစ်မှ (၅) နှစ် အထိ ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ရေဝတီတိုင်း တရားရုံး ၂ ခုရှိ တရားစွဲဆိုချက်များမှာမူ အမိန့်မချနိုင်သေးပဲ ယခုထက်ထိ ကြန့်ကြာနေဆဲ ဖြစ်သည်။ ထိုသို့သော အမှုအခင်းမျိုးသည် ပြစ်မှုတစ်ခုဖြင့် ၂ ကြိမ်နှင့်အထက်ပို၍ ပြစ်ဒဏ်ကျခံစေမှု double jeopardy ဖြစ်စေသည့် အပြင် လျှော့ကန်သော လုပ်ထုံးလုပ်နည်းနှင့် မျှတသော တရားစီရင်ရေး ဆိုင်ရာ အခွင့်အရေးတို့နှင့် ချိတ်ဆက်သည့် အခြေခံ ပြဿနာများ ဖြစ်စေကြောင်း ဖော်ပြထားပါသည်။

၃၇။ ဧပြီလတွင် အစိုးရသည် တိုင်းရင်းသား အင်တာနက် ဝက်ဆိုဒ် အခု ၂၁ အား ပိတ်ပစ်ရန် တယ်လီဖုန်း ဆက်သွယ်ရေး ကုမ္ပဏီများအား ညွှန်ကြားခဲ့ပြီး ၎င်းတို့သည် "သတင်းတုများ" ထုတ်လွှင့်နေခြင်းကြောင့် ဟူ၍ အကြောင်းပြချက် ပေးခဲ့သည်။ (၂၀၁၉) ခုနှစ်၊ ဇွန်လ ကတည်းက လက်နက်ကိုင် ပဋိပက္ခဒဏ် သက်ရောက်ရာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် အင်တာနက် ဖြတ်တောက်မှု ပြုခဲ့သည်။ နိုင်ငံတော် လုံခြုံရေးကြောင့် အင်တာနက် ဖြတ်တောက်ရခြင်း ဖြစ်သည်ဟု ဆိုခဲ့သော်လည်း ထိုသို့ ဖော်ပြရာ ဒေသတဝှမ်းလုံးတွင် အင်တာနက် ဖြတ်တောက်ထားမှုကြောင့် ထိုဒေသရှိ ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကပ်ဘေး အကြပ်အတည်း ရင်ဆိုင်ရသည့် ကာလ တလျှောက်လုံးပင်လျှင် အသက်ကယ်ဆယ် နိုင်မည့် အချက်အလက်များအား မရရှိနိုင်သကဲ့သို့ ဖြစ်ခဲ့သည်။ ၂၀၂၀ ခုနှစ်၊ မေလတွင်မူ မောင်းတော ဒေသ၌ မိုဘိုင်းဖုန်း အင်တာနက် ဝန်ဆောင်မှုများ ပြန်လည် ရရှိခဲ့သည်။

၃၈။ အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) သည် အမုန်းစကား ကိစ္စရပ်နှင့် စပ်လျဉ်း၍ အစိုးရအား အသေးစိတ် အကြံပြုချက်များ ပေးခဲ့သည်။ အမုန်းစကား ဆိုင်ရာ ပုံစံအားလုံးအား ကန့်ကွက်ရှုံချရန်၊ ကာကွယ်ရန်နှင့် အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် ပါဝင်ရန်နှင့် ထောက်ခံ အားပေးရန် အတွက် တတ်နိုင်သမျှ လုပ်ဆောင်ကြဖို့ နိုင်ငံတော် သမ္မတရုံးက ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ အားလုံးထံသို့ (၂၀၂၀) ခုနှစ်၊ ဧပြီလတွင် ညွှန်ကြားချက် တစ်စောင် ထုတ်ပြန်ခဲ့သည်။ ဤသို့သော ပထမ အဆင့် အပြုသဘောဆောင်သော ခြေလှမ်းများသည် တရားမျှတမှု၊ ခွဲခြား ဆက်ဆံကင်းမှု၊ တန်းတူညီမျှမှုရှိစွာ လက်တွေ့ အကောင်အထည်ဖော်ဖို့ လိုအပ်ပြီး လူမျိုး၊ ယုံကြည်ကိုးကွယ်မှု ဘာသာတရား၊ ဂျန်ဒါနှင့် လိင်ပိုင်းဆိုင်ရာ အမှတ်လက္ခဏာ စသည့် မည်သည့် အခြေအနေမျိုးတွင် မဆို ခွဲခြားဆက်ဆံမှု ကင်းစေရန် ထည့်သွင်း ဖော်ပြသည့် အလုံးစုံ ခြုံငုံပါဝင်သော ဥပဒေ မူဘောင်နှင့် မူဝါဒရေးရာ မူဘောင်များ ချမှတ်ရန် လိုအပ်ပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ကန့်သတ်သည့် "အမုန်းစကား တိုက်ဖျက်ရေး" ဥပဒေ မူကြမ်း တစ်ရပ် ရေးဆွဲသည်ထက် အမုန်းစကားအား ဖြေရှင်းကိုင်တွယ်နိုင်မည့် ဥပဒေရေးရာနှင့် မူဝါဒရေးရာ မူဘောင် တစ်ခု ရေးဆွဲရာတွင် ပံ့ပိုးပေးရန် OHCHR နှင့် အခြား ကုလသမဂ္ဂ အဖွဲ့အစည်းများက အစိုးရအား ကမ်းလှမ်းကြပါသည်။ "အမုန်းစကား တိုက်ဖျက်ရေး" ဥပဒေကြမ်းရှိ မတိကျ မရေရာသော ပုဒ်မများကြောင့် လွဲမှားစွာ ကျင့်သုံးရန် လမ်းဖွင့်ထား သကဲ့သို့ ဖြစ်ပြီး လက်ရှိ အခြေအနေတွင် ၎င်းဥပဒေကြမ်းအား ဥပဒေပြုမိပါက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အပေါ် သိသိသာသာ ချိုးဖောက်နိုင်ပါသည်။

၃၉။ အင်တာနက် အွန်လိုင်းပေါ်တွင် တင်သည့် အကြောင်းအရာ အများစုသည် လူနည်းစု တိုင်းရင်းသားများ အပေါ် ယုတ်ညံ့ ရိုင်းစိုင်းသော၊ စော်ကားရန်လိုသော အသုံးအနှုန်းများ ပါဝင်နေတတ်ပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား ထောက်ခံသည်ဟု ယူဆသူများအားလည်း ဆိုးယုတ်သောသူများ အဖြစ် ဆက်ဆံတတ်ကြပါသည်။ မကြာသေးမီက "ကျွန်တော်၊ ကျွန်မကို ကုလားဟု မခေါ်ပါနှင့်" ဟူသည့် အမည်ဖြင့် ခွဲခြားဆက်ဆံမှုအား

ဆန့်ကျင်သည့် အင်တာနက် လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်သော လှုပ်ရှားတက်ကြွသူများသည် ၎င်းတို့ အရေးဆိုသည့် အတွက် ခြိမ်းခြောက်မှုများနှင့် ရန်လိုတိုက်ခိုက်မှုများအား ကြုံတွေ့ခဲ့ရပါသည်။[11] Facebook သည် (၂၀၁၈) ခုနှစ်မှ စတင်၍ စစ်တပ် အရာရှိများ၏ ပုဂ္ဂိုလ်ရေး အကောင့်များနှင့် အဖွဲ့အစည်း ဆိုင်ရာ စာမျက်နှာများအား ဖြုတ်ချခြင်း ကဲ့သို့ လုပ်ဆောင်ချက်များ အပါအဝင် မြန်မာနိုင်ငံ အတွက် ၎င်းတို့၏ လုပ်ဆောင်ချက်များ တိုးတက်အားကောင်းရန် ကြိုးပမ်းနေဆဲ ဖြစ်သော်လည်း တပ်မတော်ဖြန့်သည့် စာမျက်နှာများမှ လူမျိုးရေး ခွဲခြားသည့် ဘာသာစကား အသုံးအနှုန်းဖြင့် အမုန်းတရား ပွားခြင်းသည် အွန်လိုင်းပေါ်၌ ဆက်လက် ရှိနေဆဲ ဖြစ်သည်။

၄၀။ နိုင်ငံအတွင်း နေရပ်စွန့်ခွာ တိမ်းရှောင်ကြသူများအား ၎င်းတို့၏ နေအိမ်များ သို့မဟုတ် နေရပ်ဒေသများသို့ နေရပ်ပြန်ရေး အတွက် ပံ့ပိုးကူညီပေးရန် ဟူသည့် အကြံပြုချက်အား အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) က အကြံပြုခဲ့သော်လည်း ထောင်ပေါင်းများစွာသော သူများသည် စစ်ရှောင် ဒုက္ခသည် စခန်းများတွင် နေရဆဲ ဖြစ်သည်။ (၂၀၁၉) ခုနှစ် နိုဝင်ဘာလတွင် အစိုးရသည် နိုင်ငံအတွင်း နေရပ်စွန့်ခွာ တိမ်းရှောင်ကြသူများအား ပြန်လည် နေရာချထားရေးနှင့် ဒုက္ခသည် စခန်းများ ပိတ်သိမ်းခြင်း ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအား ရေးဆွဲခဲ့သည်။ ဤမဟာဗျူဟာသည် သော့ချက်ကျသော အပြည်ပြည်ဆိုင်ရာ စံနှုန်းများအား ထည့်သွင်းကိုးကားထားကာ နိုင်ငံအတွင်း နေရပ်စွန့်ခွာ တိမ်းရှောင်ကြသူများ အတွက် ရေရှည်ဖြေရှင်းချက်များ ဆောင်ရွက်နိုင်ရန် အလားအလာ ရှိပါသည်။ သို့သော် ရခိုင်ပြည်နယ်ရှိ ကျောက်တလုံး ဒုက္ခသည် စခန်း ပိတ်သိမ်းမှု အခြေအနေနှင့် ပတ်သက်၍ လက်ရှိ ကြိုးပမ်းချက်များတွင်မူ အလွန်စိုးရိမ်ပူပန်ဖွယ်ရာ အချက်များ တွေ့ရှိလာပေသည်။ ဒုက္ခသည် စခန်းရှိ ကမာန်နှင့် ရိုဟင်ဂျာ ဒေသခံများအား အနှစ်သာရရှိသော အကြံဉာဏ်ရယူ ဆွေးနွေးခြင်းများ မပြုရသေးသော်လည်း ၎င်းတို့သည် ၎င်းတို့၏ မူလနေရပ်ဒေသများသို့သာ ပြန်လိုစိတ် ပြင်းပြကြပေသည်။ ထို့အပြင် ၎င်းတို့အား ပြန်လည် နေရာချထားမည့် နေရာသစ်မှာလည်း လက်ရှိ ဒုက္ခသည် စခန်း အနီးတွင် တည်ဆောက်နေဆဲ ဖြစ်ကာ ထိုနေရာသည် ရေကြီးနိုင်သည့် နေရာ ဖြစ်သလို အလုပ်အကိုင် အခွင့်အလမ်း၊ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုတို့ ရရှိရန် လက်လှမ်းမမှီသော နေရာတွင် ဖြစ်ပေသည်။ ထိုသို့သော ပြန်လည်နေရာ ချထားရေး အတွက် အဆိုပြုကမ်းလှမ်းချက်သည် စိုးရိမ်ပူပန်နေသည့် နေရပ်စွန့်ခွာ တိမ်းရှောင်သူများအား အစဉ်အမြဲ သီးခြားနေထိုင်စေခြင်း Permanent Segregation နှင့် လူမျိုး/ဘာသာအလိုက် စုစည်းစေကာ သီးခြားနေထိုင်စေခြင်း Ghettonization အခြေအနေသို့ ရောက်ရှိရန် အရိပ်လက္ခဏာ ပြနေသည်။

## C။ စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ အခွင့်အရေးများ

၄၁။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် စာချုပ်အောက်၌ မြန်မာနိုင်ငံ အစိုးရ၏ တာဝန်ဝတ္တရားတွင် အစားအစာ၊ ရေ၊ တကိုယ်ရေ တကာယ သန့်ရှင်းရေး၊ အိုးအိမ်၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုဖူလုံရေး ရပိုင်ခွင့်များနှင့် ယဉ်ကျေးမှု လုပ်ငန်းများတွင် ပါဝင်ခွင့်ရခြင်း စသည့် အခွင့်အရေးများကို လေးစား တန်ဖိုးထားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးရန် ပါဝင်သည်။ အခြား နိုင်ငံများ နည်းတူ မြန်မာနိုင်ငံ၌ မြေယာ အခွင့်အရေးများနှင့် မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုတို့သည် ပြည်သူလူထုတရပ်လုံး၏ သိသာများပြားလှသော ပမာဏ အတွက် အစားအစာ၊ အိုးအိမ်၊ အသက်မွေးဝမ်းကြောင်းနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ အခွင့်အလမ်းများ ရရှိစေဖို့ ပံ့ပိုးပေးပါသည်။

[11] ၎င်းအွန်လိုင်း လှုပ်ရှားမှုတွင် ပါဝင်သည့် အမည်မှာ မြန်မာနိုင်ငံတွင် မွတ်စလင်များအား နိမ့်ချခေါ်ဆိုသည့် အသုံးအနှုန်းအား ကိုးကားဖော်ပြခြင်း ဖြစ်ပါသည်။

တိုင်းရင်းသား လူနည်းစု အသိုင်းအဝန်းများ အတွက်မူ ပုံမှန်အားဖြင့် မြေနှင့် ဆက်စပ်မှုများသည် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေး တို့ဖြင့် ချိတ်ဆက်မှုများ ရှိနေပါသည်။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အကြား ဖြစ်ပွားသည့် များစွာသော လက်နက်ကိုင် တိုက်ပွဲများကြောင့် မြေယာကိစ္စသည် နိုင်ငံရေး ဆိုင်ရာ အရေးကိစ္စများ အဖြစ်သို့ သိသိသာသာ ပြောင်းလဲလာတတ်ပေသည်။

၄၂။ အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) ၏ အကြံပြုချက်တွင် ပဋိပက္ခ သက်ရောက်ရာ ဒေသများ အထူးသဖြင့် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များ၌ ရင်းနှီးမြှုပ်နှံမှုများ အားလုံးသည် လူ့အခွင့်အရေးနှင့် ဆက်စပ်၍ နည်းမှန်လမ်းမှန် ဆောင်ရွက်ကြဖို့ အကြံပြု တိုက်တွန်းထားသည်။ ဖွံ့ဖြိုးရေး စီမံကိန်းများအားလည်း တရားမျှတသော၊ တန်းတူညီမျှမှုသော၊ ခွဲခြားဆက်ဆံမှု ကင်းသော၊ ရေရှည်တည်တံ့သော၊ နိုင်ငံရေး ဘက်လိုက်မှု ကင်းသော အလေ့အထတို့ဖြင့် ဆောင်ရွက်သင့်ကြောင်း အထူးပြု ဖော်ပြထားသည်။ လွန်ခဲ့သည့် (၂) နှစ်က အဖြစ်အပျက်များ အရ (FFMM) ၏ အကြံပြုချက်များ အတိုင်း မဆောင်ရွက်ခဲ့ကြပေ။

၄၃။ (၂၀၁၈) ခုနှစ်၊ စက်တင်ဘာလတွင် (၂၀၁၂) ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေအား ဥပဒေပြင်ဆင်ချက်များ အရ "မြေလွတ်" "မြေလပ်" "မြေရိုင်း" ဟု ဥပဒေ အရ သတ်မှတ် ကြေညာထားသော မြေများအား အသုံးပြုခွင့်ရရှိရန် ရုံးလုပ်ထုံးလုပ်နည်း လိုအပ်လာပြီး ထိုသို့ သတ်မှတ်ထားသော မြေများသည်လည်း မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်နယ်များတွင် တည်ရှိရာ ထိုဒေသများတွင် အကြီးစား စိုက်ပျိုးရေး လုပ်ငန်း၊ သတ္တုတွင်း တူးဖော်မှု လုပ်ငန်းနှင့် အခြား လုပ်ငန်းများအား ဖိတ်ခေါ်သကဲ့သို့ ရှိလေသည်။ ထိုဥပဒေ ပြင်ဆင်မှုတွင် ထုံးတမ်းစဉ်လာ မြေယာ အသုံးချမှုအား ပထမဆုံး အကြိမ် အသိအမှတ် ပြုထားပါသော်လည်း ထုံးတမ်းစဉ်လာ မြေယာလုပ်ကိုင်ခွင့်အား ဥပဒေ အရ အဓိပ္ပာယ် ဖွင့်ဆိုထားခြင်း မရှိသလို မြေယာ အသုံးချခွင့်အား စီမံသည့် မြန်မာနိုင်ငံ၏ ရှုပ်ထွေးသော ဥပဒေ မူဘောင် အတွင်း၌လည်း အထူးပြု အကာအကွယ် ပေးထားခြင်း မရှိပေ။ ဥပဒေပြင်ဆင်မှု၏ ရလဒ်အနေဖြင့် သန်းပေါင်းများစွာသော အသေးစား လယ်သမားများသည် ၎င်းတို့၏ မြေယာပိုင်ဆိုင်ခွင့်အား ဆုံးရှုံးရကာ ဥပဒေ ပြင်ဆင်ပြီး (၆) လ သက်တမ်း အတွင်း မြေယာ အသုံးချခွင့် အသစ် လျှောက်ထားရမည် ဖြစ်ပြီး မြေယာ အသုံးချခွင့် မရလျှင် ၎င်းတို့ မြေအား ဆက်လက် အသုံးပြုပါက ရာဇဝတ်မှု မြောက်ရာ ကျပေမည်။

၄၄။ (၂၀၁၉) ခုနှစ်၊ ဩဂုတ်လတွင် လွှတ်တော်သည် (၁၈၉၄) ခုနှစ် မြေသိမ်းဆည်းခြင်း ဆိုင်ရာ ဥပဒေအား အစားထိုးသည့် မြေသိမ်းဆည်းခြင်း၊ ပြန်လည် နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ခြင်း ဆိုင်ရာ ဥပဒေအား ပြဋ္ဌာန်းခဲ့သည်။ အစိုးရ ဌာနအဖွဲ့အစည်းက မြေသိမ်းဆည်းရန် အတွက် "အများပြည်သူ အကျိုး အလို့ငှာ" ဟု ဆိုသည့် သတ်မှတ် ဖွင့်ဆိုချက်များနှင့် ထိခိုက်နစ်နာမှု ရှိနိုင်သောသူများအား ဖွင့်ဆိုသတ်မှတ်ရန် အတွက် စစ်တမ်းကောက်ယူဖို့ လိုအပ်ချက်များ၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှု ဆန်းစစ်ချက်များနှင့် ပြန်လည် နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ခြင်း အစီအစဉ်များ ကဲ့သို့သော အပြုသဘောဆောင်သည့် မူဝါဒရေးရာ ရည်မှန်းချက်များသည် ဥပဒေသစ်၌ ပါဝင်သော်လည်း ဥပဒေသစ်သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် စာချုပ်အောက်၌ မြန်မာနိုင်ငံ အစိုးရ၏ တာဝန်ဝတ္တရားအတိုင်း ဆောင်ရွက်ရန် အတွက် ပျက်ကွက်နေသေးသည်။ အချို့သော အစိုးရ ရည်မှန်းချက် ဆိုင်ရာ သတ်မှတ်ချက်များမှာ အလွန်အမင်း ယေဘူယျဆန်ပြီး ပြည်သူတစ်ဦးတစ်ယောက်၏ အခွင့်အရေး ရပိုင်ခွင့်ထက် စီးပွားရေး ဆိုင်ရာ အကျိုးစီးပွား အပေါ် စိုးရိမ်စဖွယ် ဦးစားပေးထားသလို လူမှုရေးဆိုင်ရာ နစ်နာဆုံးရှုံးမှုများကိုလည်း ဖြစ်စေပါသည်။ ထပ်မံဖြည့်စွက်ရမည် ဆိုလျှင် လက်နက်ကိုင် တိုက်ပွဲ ပဋိပက္ခအတွင်း စစ်ရှောင်ဒုက္ခသည်များ ဖြစ်၍ လျော်ကြေးရထိုက်သူများနှင့် မြေအား ရပ်ရွာလူထု အလိုက်

ဘုံအသုံးပြုကြသူများ ကဲ့သို့သော ထိခိုက်နစ်နာသူများ ဆိုင်ရာ အမျိုးအစားအကြောင်းကို ထိုဥပဒေသစ်၌ ဖော်ပြထားခြင်း မရှိသဖြင့် ၎င်းလူထုတို့သည် ထိခိုက်နစ်နာမှုများ ရှိနိုင်သောကြောင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၏ ခွဲခြားဆက်ဆံမှု မရှိရေး မူနှင့် ဆန့်ကျင်ဘက် ဖြစ်နေပါသည်။

၄၅။ မြေယာ အသုံးချခွင့် လက်မှတ်နှင့် မြေယာ မှတ်ပုံတင် စနစ်မှ တဆင့် ကျေးလက်ဒေသ၌ မြေယာ အသုံးခွင့် တရားဝင် ရရှိလာကာ ဥပဒေ အရ မြေယာဈေးကွက် တစ်ခုအား ထူထောင်ပေးခဲ့သော (၂၀၁၂) ခုနှစ် လယ်ယာမြေ ဥပဒေအား (၂၀၂၀) ခုနှစ်၊ ဖေဖဝါရီလတွင် လွှတ်တော်က ဥပဒေ ပြင်ဆင်ခဲ့သည်။ ဥပဒေပြင်ဆင်ချက်တွင် အပြုသဘောဆောင်သည့် အချက်အချို့ ယေဘူယျအားဖြင့် ပါဝင်သော်လည်း ထိုသို့ ဥပဒေ ပြင်ဆင်ချက်များသည် (၂၀၁၂) လယ်ယာမြေ ဥပဒေ၏ အားနည်းချက်များအား ပိုမို ဆိုးဝါးလာစေပါသည်။ အတိအကျ ဆိုရလျှင် မြေယာ အသုံးချခွင့် လက်မှတ်များအား လျှောက်ထား၊ ရယူရန် ရုံးလုပ်ငန်းဆိုင်ရာ လိုအပ်ချက်အား လိုက်နာဆောင်ရွက်ခြင်း မရှိလျှင် ပြစ်မှုမြောက်ကြောင်း ဥပဒေ ပြင်ဆင်ချက်တွင် သတ်မှတ်ထားခြင်းမျိုး ဖြစ်သည်။ ထို့အပြင် အစိုးရဌာနက သိမ်းဆည်းပြီး အသုံးမပြုဖြစ်သော မြေအား မူလပိုင်ရှင်သို့ ပြန်လည် လွှဲအပ်ရန် ဖော်ပြခဲ့သည့် မူရင်း ဥပဒေ ပြဋ္ဌာန်းချက်အား ဥပဒေ ပြင်ဆင်ချက်၌ ဖယ်ထုတ်ခဲ့သည့် အတွက် ကျယ်ကျယ်ပြန့်ပြန့် မြေသိမ်းဆည်းမှုများ ဖြစ်လာနိုင်သည့် အန္တရာယ် ရှိစေပါသည်။ ထိုဥပဒေ ပြင်ဆင်ချက်တွင် "လယ်ယာမြေ" ဟူသည့် အဓိပ္ပာယ် ဖွင့်ဆိုသတ်မှတ်ချက်အား တိုးချဲ့ဖော်ပြခဲ့ပြီး ထုံးတမ်းစဉ်လာ အရ အသုံးပြုနေသော မြေယာအား လယ်ယာမြေတွင် ထည့်သွင်းပါဝင်စေသည့် အတွက် တိုင်းရင်းသား လူထု သိုင်းအဝန်းက အသုံးပြုသည့် မြေအား ယဉ်ကျေးမှု ဆိုင်ရာ နားလည်မှုဖြင့် အသိအမှတ် ပြုပေးမည့် အစား နိုင်ငံတော် အစိုးရက ပိုင်ဆိုင်သည့် စီးပွားရေးဆိုင်ရာ ရင်းမြစ် တစ်ခု အနေနှင့် မြေယာအား ရောင်းဝယ်ကုန် သဘော အသွင်းပြောင်းလာသည့် သက်ရောက်မှုမျိုး ရှိစေပါသည်။

၄၆။ (၂၀၁၈) ခုနှစ်၊ ဩဂုတ်လ၌ မြန်မာအစိုးရသည် မြန်မာနိုင်ငံ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (MSDP) အား စတင်ခဲ့ပြီး တပြိုင်နက်တည်းမှာပင် (၂၀၁၉) ခုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံ စီမံကိန်း ဘဏ် (Project bank) အား အစပြုခဲ့ကာ ၎င်းတို့သည် ရင်းနှီးမြှုပ်နှံရေး စီမံကိန်းများအား လူသိရှင်ကြား စုစည်းထားသည့် မူဝါဒရေးရာ မူဘောင်တစ်ရပ်ကို ဖန်တီးပေးပါသည်။ ထိုသို့ အစပြုသည့် တချိန်တည်းမှာပင် အစိုးရသည် (China's Belth and Road Inititative) တရုတ်ပိုးလမ်းမ စီမံကိန်းကြီး၏ အစိတ်အပိုင်း ဖြစ်သော အခြေခံ အဆောက်အအုံ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆိုင်ရာ အကြီးစား စီမံကိန်းများ အတွက် မူဘောင် တစ်ခု ဖြစ်သည့် တရုတ်-မြန်မာ စီးပွားရေး စင်္ကြံအတွက် ကတိကဝတ်ပြုခဲ့ပါသည်။

၄၇။ တရုတ်-မြန်မာ စီးပွားရေး စင်္ကြံ စီမံကိန်းအောက်၌ အသေးစိတ် အချက်အလက်များအား မသိရှိရသေးသည့် အတွက်ကြောင့် ၎င်းသည် ပွင့်လင်းမြင်သာမှုနှင့် သက်ဆိုင်သူများအား ဆွေးနွေးတိုင်ပင်မှု အပိုင်းတို့တွင် အခက်အခဲ ရှိနေပေသည်။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တွင် ဖော်ပြထားသည့် ကျင့်ထုံးဆိုင်ရာ တာဝန်ဝတ္တရားများအား မြန်မာနိုင်ငံ အနေနှင့် အကောင်အထည် ဖော်ဆောင်ရန် အလို့ငှာ သက်ဆိုင်သော အချက်အလက်များ အားလုံးကို ထိခိုက်နစ်နာ သူများထံ ချပြရန် လိုအပ်သလို စီမံကိန်း လုပ်ငန်းများ မဖော်ဆောင်မီ နိုင်ငံတကာ စာချုပ်က အကာအကွယ်ပေးထားသည့် အခွင့်အရေးများအား အာမခံချက်ပေးသည့် စစ်မှန်သော နှစ်ဖက် ဆွေးနွေးတိုင်ပင်မှုများအား လုပ်ဆောင်ဖို့ လိုအပ်ပါသည်။ အစိုးရ အစီရင်ခံစာများ အရ စီးပွားရေး စင်္ကြံအောက်ရှိ အဓိက စီမံကိန်းများတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ ရွှေလီမှ

မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မူဆယ်မြို့မှ တဆင့် ရခိုင်ပြည်နယ် ကျောက်ဖြူသို့ တစ်ကြောင်း၊ ယင်းမှ တောင်ဖက်ရှိ မန္တလေးနှင့် ရန်ကုန်သို့ တစ်ကြောင်း အဝေးပြေး ကားလမ်းမကြီးနှင့် အတူ ယှဉ်တွဲ၍ အမြန် ရထားလမ်း ဖောက်လုပ်ခြင်း၊ စီးပွားရေး စင်္ကြံ အရှေ့ဖက်စွန်း ဒေသများတွင် စီးပွားရေး ဇုံသစ် (၃) ခုနှင့် အနောက်ဖက်တွင် ကျောက်ဖြူ အထူး စီးပွားရေးဇုံဟု ခေါ်ဆိုသည့် ပင်လယ်ဆိပ်ကမ်းကြီး တစ်ခု ပါဝင်သော စတုတ္ထမြောက် စီးပွားရေး ဇုံသစ်တို့ ပါဝင်ကြပါသည်။ ၎င်းစီးပွားရေး စင်္ကြံ၏ အစွန်ဆုံး ဒေသများ၌ လွန်ခဲ့သည့် (၂)နှစ်ကျော်ကတည်းက တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အကြား လက်နက်ကိုင် တိုက်ပွဲဖြစ်ပွားမှု သိသိသာသာ များပြားလာခဲ့ပါသည်။ ထိခိုက်နစ်နာမှု ရှိသော လူထု အသိုင်းအဝန်းနှင့် သင့်တော်သည့် ဆွေးနွေးတိုင်ပင်မှု မပြုခြင်း၊ နစ်နာသော လူထု အသိုင်းအဝန်း၏ စီးပွားရေး၊ လူမှုရေးနှင့် အခြားသော ရပိုင်ခွင့်များအား အာမခံချက် မပေးခြင်းနှင့် တမူထူးခြားသည့် ယဉ်ကျေးမှု၊ ဘာသာရေးနှင့် အခြား အလေ့အထများ အတွက် အထူး အကာအကွယ် မပေးခြင်းတို့ကြောင့် ဤသို့သော ဒေသတွင်း ဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပံ့ပိုးရန် ဟူသည့် မျှော်မှန်းချက်များ ဆုံးရှုံးသွားနိုင်ပေသည်။

၄၈။ မြန်မာနိုင်ငံအနေနှင့် ဆင်းရဲတွင်းမှ လွတ်ကင်းရန်နှင့် နိုင်ငံတကာ စာချုပ်ပါ အခွင့်အရေးများကို စဉ်ဆက်မပြတ် အသိအမှတ်ပြုစေရန် ဆက်လက် ကြိုးပမ်းလိုသည် ဆိုလျှင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်း ယုံမှားသံသယ မရှိပေ။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူမှုစီးပွား ဆိုင်ရာ သက်ရောက်မှုများအား အစိုးရက တုံ့ပြန် ဆောင်ရွက်မှုများသည် အပြည်ပြည်ဆိုင်ရာ စာချုပ်ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်သည့် သဘော သက်ရောက်ပေသည်။ သို့သော် မြန်မာနိုင်ငံ ကျေးလက်ဒေသများ အပေါ် ကျင့်သုံးသည့် ဖော်ပြပါ ဥပဒေများသည် အလွန်တရာ ဖိအားများလှပါသည်။ တချိန်တည်းမှာပင် သာမန် လယ်သမားများနှင့် ရပ်ရွာ အသိုင်းအဝန်းတို့၏ မြေယာ၊ အသက်မွေး ဝမ်းကြောင်းနှင့် ယဉ်ကျေးမှု ဆိုင်ရာ အခွင့်အရေးများကို စတေးခံပြီး မြေယာနှင့် ဆက်စပ်သော အကြီးစား ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ရည်မှန်းရင်း မြန်မာနိုင်ငံ ဥပဒေများသည် လောဘဇောဖြင့် မြေယာနှင့် အခြား သဘာဝ ရင်းမြစ်များကို သိမ်းယူဖို့ ခွင့်ပြုထားပါသည်။ သီးခြား လွတ်လပ်သော တရားစီရင်ရေး စနစ်၊ လွတ်လပ်သော သတင်းမီဒီယာနှင့် ဘက်ပေါင်းစုံ ပါဝင်သည့် လူမှု ဖူလုံရေး စနစ် ကဲ့သို့သော ခိုင်မာသည့် ပြည်သူ့ ကာကွယ်စောင့်ရှောက်မှု မရှိပဲ မြေဈေးကွက်အား တရားဝင် ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ပေးခြင်းသည် လက်ရှိ ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများအား တိုးပွားစေနိုင်သလို ပဋိပက္ခသစ်များလည်း ဖန်တီးရာ ရောက်ပါသည်။

## စ။ အင်စတီးကျူးရှင်းနှင့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ

၄၉။ အစိုးရ၏ အဆင့်တိုင်းတွင် ဥပဒေများ၊ အမိန့်စာများ၊ မူဝါဒများနှင့် လုပ်ထုံး လုပ်နည်းများသည် လွတ်လပ်စွာ သွားလာခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်တို့ကို ကန့်သတ်ခြင်း သို့မဟုတ် ၎င်းတို့ကို ကျင့်သုံးရာမှာလည်းကောင်း၊ သက်ရောက်မှု အရ လည်းကောင်း ခွဲခြားဆက်ဆံမှု ရှိခြင်းကြောင့် အစိုးရ ဥပဒေနှင့် ထုတ်ပြန်ချက်များအား ပြန်လည် ဆန်းစစ်ဖို့၊ ပြုပြင်ပြောင်းလဲဖို့ သို့မဟုတ် ပယ်ဖျက်ဖို့ အချက်အလက် ရှာဖွေရေး အဖွဲ့ (FMM) သည် အကြံပြု တိုက်တွန်းခဲ့သော်လည်း အစိုးရသည် လိုက်နာ လုပ်ဆောင်ခြင်း မရှိပေ။ အမျိုးဘာသာ၊ သာသနာ စောင့်ရှောက်ရေး ဥပဒေ (၄) ရပ်သည် လက်ရှိ အချိန်အထိ အသက်ဝင်ဆဲ ဖြစ်ပြီး လူနည်းစုများ၊ အမျိုးသမီးများနှင့် ကလေးငယ်တို့၏ အခွင့်အရေးကို ကြီးလေးစွာ အန္တရာယ်ပေးနိုင်သေးသည့် အခြေအနေတွင် ဆက်ရှိနေသည်။ လူနည်းစု တိုင်းရင်းသားများ အပေါ် အချိုးအစား ကွဲပြားစွာ

သက်ရောက်မှု ရှိနိုင်သည့် (၂၀၁၈) ခုနှစ်တွင် ပြင်ဆင်ခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း မြေစီမံခန့်ခွဲရေး ဥပဒေ အပါအဝင် စကားလုံး အရသော် လည်းကောင်း၊ သက်ရောက်မှု အရသော် လည်းကောင်း ခွဲခြားဆက်ဆံမှု ရှိသည့် ဥပဒေများအား လွှတ်တော်က ဆက်လက် ပြဋ္ဌာန်းထားဆဲ ဖြစ်ပါသည်။ (၂၀၁၉) ခုနှစ်တွင် ကလေးသူငယ် အခွင့်အရေး ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် စာချုပ်တွင် ပါဝင်သော အခွင့်အရေး အများစုကို ကာကွယ်ထားသည့် ကလေးအခွင့်အရေး ဥပဒေအား မြန်မာနိုင်ငံက အသစ် ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေသစ်၌ လက်နက်ကိုင် ပဋိပက္ခ အခြေအနေ၌ ကလေးသူငယ်များ အပေါ် ကျူးလွန်သည့် ကြီးလေးသည့် ချိုးဖောက်မှုကြီး (၆) ရပ်အား ရာဇဝတ်ပြစ်မှု အဖြစ် သတ်မှတ် ဖော်ပြထားပါသည်။ ထိုကလေးသူငယ် ဥပဒေသစ်တွင် မွေးစာရင်းအား မြန်မာပြည် အတွင်းရှိ ကလေးသူငယ်များအား ထုတ်ပေးရန် ပြဋ္ဌာန်းထားပါသော်လည်း ကလေးသူငယ်များ အားလုံး အတွက် နိုင်ငံသား ဖြစ်ခွင့်ကို အာမမခံထားခြင်း မရှိပေ။

၅၀။ အစိုးရသည် ၎င်းတို့၏ နိုင်ငံသား စိစစ်ရေး လုပ်ငန်းစဉ်အား (၁၉၈၂) ခုနှစ် နိုင်ငံသား ဥပဒေ အပေါ်တွင် ဆက်လက် အခြေခံထားကာ (၂၀၁၉) ခုနှစ်၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလကြား နိုင်ငံသား စိစစ်မည့် သူ၏ သက်သေခံလက်မှတ် NVC (၁၁၄၄) ကပ်အား ထုတ်ပေးခဲ့သည်ဟု ထုတ်ပြန်ပါသည်။ ထိုသို့ စိစစ်သည့် လုပ်ငန်းစဉ်အား အဆုံးသတ်၍ ရိုဟင်ဂျာတို့၏ နိုင်ငံသား အခွင့်အရေးအား ပြန်လည် ပေးအပ်ရန် အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) ၏ အကြံပြုတိုက်တွန်းချက်အား မြန်မာနိုင်ငံ အစိုးရက လစ်လျူရှုထားဆဲ ဖြစ်သည်။ (၂၀၂၀) ခုနှစ် အစောပိုင်းတွင် အကျဉ်းထောင်မှ ပြန်လွှတ်ခဲ့သူ အချို့ အပါအဝင် ရိုဟင်ဂျာများသည် နိုင်ငံသား စိစစ်မည့် သူ၏ သက်သေခံလက်မှတ် (NVC)အား လက်ခံရရှိရန် တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်သော် လည်းကောင်း ဖိအားပေးခြင်း ခံနေရသည် ဟူသည့် သတင်း တင်ပြချက်များအား ကုလသမဂ္ဂ (OHCHR) အဖွဲ့က လက်ခံရရှိနေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံ၏ မတူညီသော နေရာများတွင် ထောင်ဒဏ် (၂) နှစ် ချမှတ်ခံနေရသည့် အုပ်ထိန်းသူ မရှိသော အသက် (၁၄) နှစ် အရွယ်အထိ ငယ်ရွယ်သူများနှင့် အခြား ကလေးငယ်များ အပါအဝင် ဖမ်းဆီးထိမ်းသိမ်း ခံနေရသူများ သို့မဟုတ် အကျဉ်းကျခံရသူပေါင်း (၈၀၀) ခန့်သည် (၂၀၂၀) ခုနှစ်၊ ဧပြီလတွင် ပြန်လည် လွတ်မြောက်လာကြကာ ရခိုင်ပြည်နယ်ရှိ ကိုဗစ်-၁၉ ကွမ်ရန်တင်း နေရာများတွင် ပြောင်းရွှေ့ထိန်းသိမ်းခြင်း ခံနေရပေသည်။ ထိုအဖွဲ့မှ အချို့သူများ၏ ပြောဆိုချက်အရ ၎င်းတို့သည် ကွမ်ရန်တင်း ထားရှိသော နေရာမှ ထွက်ခွာခွင့် ရရှိရန် အလို့ငှာ ၎င်းတို့သည် နိုင်ငံသား စိစစ်မည့် သူ၏ သက်သေခံလက်မှတ် (NVC) များအား လက်ခံရန်ဖို့ လိုအပ်သည်ဟု ဆိုကြသည်။ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရခွင့်သည် နိုင်ငံသား စိစစ် လုပ်ငန်းစဉ်မှ အဆက်ပြတ်နေဆဲ ဖြစ်သောကြောင့် ၎င်းတို့သည် ရိုဟင်ဂျာတို့၏ အခြေအနေ တိုးတက်မှုများ အဖြစ် ရလဒ်ကောင်းများ မရှိသလို ၎င်းတို့၏ လွတ်လပ်စွာ ရွှေ့ပြောင်း သွားလာခွင့်အား အလေးပေး တန်ဖိုးထား ခံရခြင်းလည်း မရှိသေးပေ။ ရိုဟင်ဂျာများအား နိုင်ငံသား အခွင့်အရေး မပေးခြင်း အပြင် (၂၀၁၅) ခုနှစ်တွင် ရိုဟင်ဂျာများ၏ မဲပေးခွင့်နှင့် ရွေးကောက်ခံခွင့် ဆုံးရှုံးခဲ့မှုများ ရှိသော်လည်း (၂၀၂၀) ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးခွင့် ရရှိရေး အတွက် အစိုးရ မူဝါဒများအား ပြောင်းလဲမည့် ပုံစံ မရှိသေးပေ။ (၂၀၂၀) ခုနှစ် ရွေးကောက်ပွဲတွင် ရိုဟင်ဂျာများအား မဲပေးခွင့်နှင့် ရွေးကောက်ခံခွင့် မပြုသဖြင့် (၂၀၂၀) ခုနှစ်၊ ရွေးကောက်ပွဲ၏ တရားမျှတမှု အပေါ် မေးခွန်းထုတ်နိုင်ပေသည်။ "တိုင်းရင်းသား လူမျိုးများ" ဟူသည့် သဘောတရား အပေါ် အခြေခံ၍ မြန်မာနိုင်ငံသည် နိုင်ငံသားဖြစ်ခွင့်အား ခွဲခြားဖယ်ထုတ်သည့် မျှော်မှန်းချက်ဖြင့် ယခုကဲ့သို့သော အရေးကိစ္စ အပြင် အခြားသော ခွဲခြားဆက်ဆံသည့် လုပ်ရပ်များအား ဆက်လက် အားပေး ဆောင်ရွက်နေသည်။

၅၁။ (၂၀၁၉)နှင့် (၂၀၂၀) ခုနှစ်များတွင် အစိုးရသည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေး ကြိုးပမ်းမှု တစ်ခု ရှိခဲ့ပါသည်။ သို့သော် လွှတ်တော်၌ တပ်မတော်သား

ကိုယ်စားလှယ်များသည် လက်ရှိ စနစ်အား မပြောင်းလဲစေလိုသည့် အတွက်ကြောင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေး တင်သွင်းချက် အများစုသည် အောင်မြင်မှု မရခဲ့ပေ။ အကယ်၍ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်မှုများ အောင်မြင်လျှင် အစိုးရအဖွဲ့အတွင်း၌ စစ်တပ်၏ အခန်းကဏ္ဍ ပြောင်းလဲနိုင်သည့် အပြင် နိုင်ငံတော်၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဖြစ်စဉ် အတွက်လည်း အထောက်အပံ့ ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ (၂၀၁၉) ခုနှစ်၌ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသည် အရပ်သား အစိုးရ လက်အောက်သို့ ရောက်ရှိလာပြီး ၎င်းသည် တပ်၏ အခန်းကဏ္ဍ လျှော့ချရေး အတွက် အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ် ဖြစ်သလို ထိုအရွေ့သည် ဖွဲ့စည်းပုံ ပြင်ဆင်ခြင်း လုပ်ငန်းစဉ် ပြင်ပ၌ ဖြစ်ပေါ်လာသော အခြေအနေ တစ်ရပ် ဖြစ်ပါသည်။

၅၂။ အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားသော ရာဇဝတ်ပြစ်မှုများကို မြန်မာနိုင်ငံ၏ ပြည်တွင်း ဥပဒေများက အသိအမှတ်ပြု ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိသေးသလို နိုင်ငံတကာ ရာဇဝတ်ပြစ်မှုများ အပေါ် ပြည်တွင်း ခုံရုံးက တရားစီရင်နိုင်ခွင့် ပေးရန် အတွက် ဥပဒေပြင်ဆင်ရေး ဖြစ်စဉ်၌လည်း တိုးတက်မှု မရှိသေးပေ။ တရားစွဲ အရာရှိများနှင့် တရားစီရင်ရေးသည် လွတ်လပ်ပြီး တရားမျှတသော တရားစီရင်ပိုင်ခွင့် မရှိသေးပဲ မြန်မာနိုင်ငံ တရားရေးသည် နောင့်ယှက်ခြင်း ခံနေရဆဲ ဖြစ်ပါတယ်။ ပြည်ထောင်စု ရှေ့နေချုပ်ရုံးက ထုတ်ပြန်ထားသည့် တရားမျှတသော တရားစီရင်ရေး လက်စွဲစာအုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော် ရုံးက ထုတ်ပြန်သော တရားစီရင်ရေး ဆိုင်ရာ နီတိကျင့်ဝတ် စာအုပ်တို့သည် တရားစီရင်ရေး လုပ်ထုံးလုပ်နည်း ဆိုင်ရာ စံနှုန်းများအား လိုက်နာကျင့်သုံးရန် သတ်မှတ်ထားသော်လည်း လက်တွေ့တွင်မူ သက်ရောက်မှု အနည်းငယ်သာ ရှိပေသည်။

၅၃။ (ပါရီ အခြေခံမူများ ဖြစ်တဲ့) လူ့အခွင့်အရေးကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန် အတွက် နိုင်ငံ အဆင့် အဖွဲ့အစည်းများ၏ ရပ်တည်ချက် ဆိုင်ရာ အခြေခံမူများ အပေါ် လေးစားလိုက်နာခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ကော်မရှင် အဖွဲ့ဝင် (၁၁) ဦးကို (၂၀၂၀) ခုနှစ်၊ ဇန်နဝါရီလ၌ ရွေးချယ်ခန့်အပ်ပြီးသည့် နောက်တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်နှင့် ဆက်စပ်ပြီး စိုးရိမ်ပူပန်မှုများ ရှိလာပါသည်။ အသစ် ခန့်အပ်သော အဖွဲ့ဝင် (၁၁) ဦးမှ (၄) ဦးမှာ အမျိုးသမီးများ ဖြစ်ပြီး ကျန်အဖွဲ့ဝင်သစ် အားလုံးမှာ ယခင် အစိုးရ လက်ထက် အရာရှိများ ဖြစ်ကြသလို အချို့ဆိုလျှင် စစ်တပ် နောက်ကြောင်း ရာဇဝင် ရှိသည့် အပြင် အဖွဲ့ဝင် အားလုံးမှာ လူ့အခွင့်အရေး ဆိုင်ရာ အတွေ့အကြုံ မရှိကြပေ။ ကော်မရှင် အဖွဲ့ဝင်များ၌ လူမှု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မပါဝင်သလို တိုင်းရင်းသား လူနည်းစုများလည်း မပါဝင်ပေ။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလ၌ ကော်မရှင်သည် နှုတ်ဆိတ်နေပြီး ၎င်းတို့၏ လူသိရှင်ကြား ထုတ်ပြန်ချက်များမှာလည်း အစိုးရကို ချီးမွမ်းရန်နှင့် ရခိုင်ပြည်နယ် မပါဝင်ပဲ တဖက်သတ် အပစ်အခတ် ရပ်စဲသည့် တပ်မတော်၏ ကြေညာချက် အပါအဝင် တပ်မတော်အား ချီးမွမ်းရန် ရည်ရွယ်သည့် ထုတ်ပြန်ချက်များသာ ဖြစ်ပေသည်။ ထို့ကြောင့် ကော်မရှင်၏ သီးခြားလွတ်လပ်မှုနှင့် လူ့အခွင့်အရေးကို မြှင့်တင်၊ ကာကွယ်နိုင်စွမ်းတို့ အပေါ် စိုးရိမ်ပူပန်မှုများ ပိုမို ရှိလာကြပေသည်။

## ဆ။ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ

၅၄။ အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) ၏ အကြံပြု တိုက်တွန်းချက်များ အပေါ် အခြေခံ၍ မြန်မာနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ အဖွဲ့အစည်းများ အစုအဖွဲ့ (United Nationas country team) သည် ၎င်းတို့၏ နိုင်ငံတွင်းလုပ်ငန်း အစီအစဉ်များ၌ လူ့အခွင့်အရေး ရှေ့ဆောင် လုပ်ငန်းအစီအစဉ် (Human Rights Up Front action plan) နှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏ နောက်ဆက်တွဲ ဖိတ်ခေါ်ချက်များ အရ လူ့အခွင့်အရေး ဆိုင်ရာ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန် အလို့ငှာ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ

မဟာမင်းကြီးရုံး (OHCHR) ၏ ပံ့ပိုးမှုဖြင့် အဆင့်များစွာ လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။ [12] ထိုလုပ်ငန်းစဉ်များအား အောင်မြင်စွာ အကောင်အထည် ဖော်ခဲ့ပြီးသော်လည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် အခြားသော လုပ်ငန်းစဉ်များသည် နှောင့်နှေးကြန့်ကြာနေပါသည်။ မြန်မာနိုင်ငံ ကုလသမဂ္ဂ အဖွဲ့ (Country team)၏ လူ့အခွင့်အရေး ဆိုင်ရာ အဖွဲ့နှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ကုလသမဂ္ဂ အစုအဖွဲ့ (Humanitarian country team) တို့ဖြင့် ပေါင်းစပ်ထားသော လုပ်ငန်း အဖွဲ့ (working group) တစ်ခုသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်တို့ဖြင့်လည်း ပေါင်းစပ် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးနှင့် လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများ အတွက် (FFMM) ၏ အကြံပြု တိုက်တွန်းချက်များသည် သင့်လျော်မှု ရှိမရှိအား ဆန်းစစ်လေ့လာရန်နှင့် (FFMM) ၏ အကြံပြုတိုက်တွန်းချက်များအား အကောင်အထည်ဖော်မှု အပေါ် စောင့်ကြည့် အကဲခတ်ရန် ၎င်းလုပ်ငန်းအဖွဲ့အား ဖွဲ့စည်းထားခဲ့ပါသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က စီစဉ်ထားသော သီခြား လွတ်လပ်သည့် ("Rosenthal report") [13] အစီရင်ခံစာ၌ (inter alia) ဟု ခေါ်သည့် စနစ်များအား တည်ထောင်ခြင်းဖြင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများ အကြား လူ့အခွင့်အရေးနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် ဆွေးနွေးရန် အကြံပြု တိုက်တွန်းသလို မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများ အတွက် (Humanitarian country team) ၏ (Protection strategy) အကာအကွယ် ပေးရေး နည်းဗျူဟာ ကဲသို့ တည်ဆဲ စနစ်များမှ တဆင့် အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) ၏ အကြံပြု တိုက်တွန်းချက်များအား အစိုးရက အကောင်အထည် ဖော်မှု အပေါ် စောင့်ကြည့် လေ့လာရန်နှင့် အစီရင်ခံ တင်ပြရန် အကြံပြု တိုက်တွန်းထားသည်။

၅၅။ လူ့အခွင့်အရေးနှင့် လူ့အခွင့်အရေး ရှေ့ဆောင် လုပ်ငန်း အစီအစဉ် (Human Rights Up Front action plan) အား အကောင်အထည်ဖော် ဆောင်ရွက်ရန် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ တောင်းဆိုချက်နှင့် အညီ ကုလသမဂ္ဂ ဌာနေ ညှိနှိုင်းဆောင်ရွက်ရေးမှူး၏ ရုံး (the Office of the Resident Coordinator) ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများ အစုအဖွဲ့ (United Nations country team) ၏ အဓိက ကျသော လုပ်ဆောင်ချက်မှာ လူ့အခွင့်အရေးအား လေးစားမြှင့်တင်ပေးမည့် မူဝါဒရေးရာ မူဘောင် တစ်ခုအား ဆောင်ကြဉ်းပေးမည့် လူ့အခွင့်အရေး ဆိုင်ရာ အခြေခံ မဟာဗျူဟာ (Common human rights strategy) တစ်ခုအား ရေးဆွဲခြင်း ဖြစ်ပါသည်။ ၎င်းနည်းဗျူဟာအား (Rosenthal) အစီရင်ခံစာ တွေ့ရှိချက်များ အပေါ် အခြေပြု၍ ကုလသမဂ္ဂ အဖွဲ့အစည်း အတွင်းနှင့် ပြင်ပမှ သင့်လျော်သော ပါဝင်ပတ်သက်သူများဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင်ဆွေးနွေး အကြံဉာဏ် ရယူ၍ ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ၎င်းမဟာဗျူဟာ၌ အဓိကကျသော ရည်မှန်းချက် (၄) ခု ရှိပြီး ၎င်းတို့မှာ (က) မည်သူ့ကိုမျှ ထိန်ချန်မထားရေး၊ (ခ) လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး၊ (ဂ) ကုလသမဂ္ဂ အဖွဲ့အစည်းသည် အာမခံချက်ရှိသော၊ အခြေခံမူအတိုင်း ဆောင်ရွက်သော၊ ထိရောက်သည့် အဖွဲ့အစည်း အဖြစ် ရပ်တည်ရေးနှင့် (ဃ) ကုလသမဂ္ဂ အဖွဲ့အစည်း အတွင်း၌ လုပ်ငန်း ယဉ်ကျေးမှု ပြောင်းလဲရေးတို့ ဖြစ်ကြပါသည်။

၅၆။ (၂၀၁၉) ခုနှစ်တွင် ရှေးဦးသတိပေး အစီရင်ခံ စနစ် တစ်ခု (early warning reporting system) အား တည်ထောင်ရာတွင် ကုလသဂ္ဂ (OHCHR) ရုံးအဖွဲ့သည် ဦးဆောင်ခဲ့ပြီး ၎င်းစနစ်သည် လူ့အခွင့်အရေး ဆိုင်ရာ အခြေအနေသစ်များ၊ ဘေးဖြစ်နိုင်ချေ ဆန်းစစ်ချက်များ၊

[12] See www.un.org/sg/sites/www.un.org.sg/files/atoms/files/The_Highest_Asperation_A_Call_To_Action_For_Human_Right_English.pdf.

[13] See www.un.org/sg/sites/www.un.org.sg/files/atoms/files/Myanmar%20Report%20-%20May%202019.pdf.

နှင့် ကြိုတင် အရေးယူဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေများ အတွက် စဉ်းစားချက်များ ပါဝင်သည့် လအလိုက် နောက်ဆုံးရ အချက်အလက်များအား ကုလသမဂ္ဂ (Country team) အား ပုံမှန် ပေးနေပါသည်။ ကုလသမဂ္ဂ အဖွဲ့အစည်း အားလုံး၏ ပံ့ပိုးပါဝင်မှု အပေါ် အားပြု၍ (Human Rights Up Front initiative) လုပ်ငန်းအား အကောင်အထည် ဖော်ရန်နှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ တားဆီးကာကွယ်ရေး လုပ်ငန်းရည်ရွယ်ချက် (Prevention agenda) အား အကောင်အထည် ဖော်ရန် ရည်ရွယ်သည့် ဆောင်ရွက်ချက်များ၏ တစိတ်တပိုင်း အနေဖြင့် ဤစနစ်မှ ဒေတာကောက်ယူရန်နှင့် ဒေတာ ဆန်းစစ်ရန် (data collection and analysis) အလို့ငှာ အများစု သဘော အခြေပြုသည့် လုပ်ငန်းစဉ်တစ်ခုအား အစပြုခဲ့ပါသည်။ မြန်မာအစိုးရ အာဏာပိုင်များသည် လူ့အခွင့်အရေး စံချိန်စံနှုန်းများအား လေးစားလိုက်နာစေဖို့ အထောက်အကူ ဖြစ်စေရန် အလို့ငှာ ထိုစနစ်သည် မြန်မာအခြေစိုက် ကုလသမဂ္ဂ (Country team) ၏ (Advocacy) အကြံပြုတိုက်တွန်းခြင်း ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် လက်ရှိ အကောင်အထည် ဖော်နေသော ကုလသမဂ္ဂ ပရိုဂရမ်များ အကြား စုပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများအား သတ်မှတ်ခြင်းတို့နှင့် ပတ်သက်သော လုပ်ငန်းဆောင်တာများအား ပံ့ပိုးပေးနေဆဲ ဖြစ်ပါသည်။

၅၇။ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံရှိ အာဏာပိုင် အဖွဲ့အစည်းများဖြင့် ဆက်ဆံသည့် အခါတွင် (Human Rights due diligence policy) နှင့် အညီ လူ့အခွင့်အရေး ဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်အား သတိကြီးကြီးဖြင့် အဆင့်ဆင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ် တစ်ခုအား (OHCHR) က ပံ့ပိုးပေးနေပါသည်။ အဆုံးတွင် ကုလသမဂ္ဂ ဌာနေ ညှိနှိုင်းဆောင်ရွက်ရေးမှူးသည် (၂၀၁၉) ခုနှစ်၊ ဩဂုတ်လ တွင် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအား ထိုလုပ်ငန်းစဉ်အား အကောင်အထည် ဖော်ဆောင်ရန် တရားဝင် အသိပေးခဲ့သည်။ ထို့အပြင် အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) ၏ အစီရင်ခံစာ၌ မြန်မာစစ်တပ်၏ အကျိုးစီးပွားရေး ဆိုင်ရာ ရှာဖွေ တွေ့ရှိချက်များ အားလုံးနှင့် အနှစ်ချုပ် ဖော်ပြချက်များအား မြန်မာအခြေစိုက် ကုလသမဂ္ဂ (Country team) က အချိန်ကိုက် သတိပေးခဲ့ကာ [14] ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ပရိုဂရမ်များနှင့် ဝယ်ခြမ်းဆိုင်ရာ လုပ်ငန်းဆောင်တာများအား တင်းကြပ်သော လုပ်ထုံးလုပ်နည်းများမှ တဆင့် တိတိကျကျ လုပ်ဆောင်စေရန် စီစဉ်ခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆိုင်ရာ အခြားသော ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ဘဏ္ဍာငွေကြေး အထောက်အပံ့များနှင့် ပရိုဂရမ်များအား အကောင်အထည် ဖော်ဆောင်ရာတွင်လည်း လုပ်ငန်း၏ ပရိုဂရမ်နှင့် စီမံကိန်း ဆိုင်ရာ သဘော သဘာဝအား စိစစ်ရန် အလို့ငှာ စနစ်တကျ ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်းများအား အသုံးချကြပါသည်။

၅၈။ (၂၀၁၉) ခုနှစ်၊ ဧပြီလတွင် ကုလသမဂ္ဂ အဖွဲ့သည် လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်သော လိင်အကြမ်းဖက်မှု အပေါ် စောင့်ကြည့် အကဲခတ်ခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် အစီရင်ခံခြင်း ဆိုင်ရာ အစီအမံများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့များ ပါဝင်သည့် လုပ်ငန်း အဖွဲ့ (working group) တစ်ခုအား ဖွဲ့စည်းခဲ့သည်။ ၎င်းအဖွဲ့၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများအား လိုက်နာစောင့်ထိန်းမှု ပိုမို အားကောင်းစေရန် အလို့ငှာ လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်သော လိင်အကြမ်းဖက်မှု ဆိုင်ရာ ဒေတာ အချက်အလက်များအား စနစ်တကျ ကောက်ယူရန်၊ ဖြစ်လေ့ဖြစ်ထရှိသည့် အကြမ်းဖက်မှု ပုံစံအား ဆန်းစစ်သုံးသပ်မှု (trend analysis) အပေါ် သတင်းပို့ရန်နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ ပါဝင်လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများအား လေ့လာ သတ်မှတ်ရန် ဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့အစည်းများ ဝင်ရောက်ခွင့် မရှိသော နေရာများတွင်

[14] A/HRC/42/CRP.3, available from www.ohchr.org/EN/HRBodies/HRC/RegularSessions/session42/Pages/ListReports.aspx.

မိတ်ဖက် အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးတွဲလုပ်ဆောင်ခြင်းအားဖြင့် ကျူးလွန်ခံရသူ အခြေပြု တုံ့ပြန်ဆောင်ရွက်ပေးမှုများ အားကောင်းစေရန် စဉ်ဆက်မပြတ် လုပ်ဆောင်နေပါသည်။

## ၃။ နိဂုံးချုပ်

၅၉။ စစ်ရှောင် ဒုက္ခစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာ မဟာဗျူဟာအား အပြီးသတ် ရေးဆွဲခြင်းနှင့် ကလေးသူငယ် အခွင့်အရေး ဥပဒေ ပြဋ္ဌာန်းခြင်း အပါအဝင် အချို့သော တိုးတက်မှုများ ရှိပါသော်လည်း ဆိုးရွားလှသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများအား နိုင်ငံ၏ နေရာအနှံ့အပြားတွင် အရပ်သား လူပုဂ္ဂိုလ်များနှင့် အုပ်စုများ အပေါ် ကျူးလွန်နေသည့် အပေါ် အရေးယူခံရခြင်းမှ ကင်းလွတ်နေသည့် အတွက် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေသည် အလွန် စိုးရိမ်ဖွယ်ရာ ကောင်းသည့် အခြေအနေတွင် ဆက်ရှိနေဆဲ ဖြစ်သည်။ ကြီးလေးလှသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် တာဝန်ခံမှု အရေးယူ ဆောင်ရွက်ခြင်းဖြင့် လက်ဆုပ်လက်ကိုင် ပြနိုင်သော လူ့အခွင့်အရေး ဖြစ်စဉ် မရှိသေးပေ။ ရာဇဝတ်ကျူးလွန်ပြီး ပြစ်ဒဏ်ခံရမှု ကင်းလွတ်နေမှု အဆုံးသတ်ရေးနှင့် ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက် သတ်ဖြတ်မှုနှင့် အလွဲသုံးစားပြုမှု စသည့် ဖြစ်စဉ်များအား အဆုံးသတ်ရေး လုပ်ငန်းစဉ်များ ဆက်လက် လုပ်ဆောင်ရန် အလို့ငှာ စစ်တပ်သည် အမိန့်ပေး စနစ် အဆင့်ဆင့်ဖြင့် တာဝန်ခံမှု ရှိသည် ဟူ၍ စစ်တပ် ခေါင်းဆောင်ပိုင်းတို့ မိမိကိုယ်ကို ကြွေးကြော်ထားသည့် သီးခြားကန့်သတ်မှုဖြင့် နားမလည်နိုင်သော လုပ်ငန်းစဉ်များမှ ကျော်လွန် လုပ်ဆောင်ရန် မြန်မာနိုင်ငံ အစိုးရနှင့် တပ်မတော်တို့၌ တာဝန် ရှိပါသည်။ (၂၀၁၉) ခုနှစ် ဒီဇင်ဘာလတွင် အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ဖတ်ကြားခဲ့သော ကြေညာချက်၌ မြန်မာနိုင်ငံ အနေနှင့် ဆိုးရွားစွာ လူ့အခွင့်အရေး ချိုးဖောက်မှု အတွက် တာဝန်ရှိသည်ဟု စွပ်စွဲခံရသူများအား မြန်မာ စစ်တပ် တရားရေး စနစ်မှ တဆင့် စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူ ဆောင်ရွက်မည် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ၎င်းကြေညာချက်အရ စစ်တပ်သည် ပြည်တွင်း ဥပဒေနှင့် အပြည်ပြည် ဆိုင်ရာ ဥပဒေ၏ အထက်တွင် ရှိကြောင်းနှင့် စစ်တပ်သည် ၎င်းတို့ကိုယ်ကိုထက် မည်သူ့ကိုမျှ တာဝန်ခံမှု မရှိကြောင်း မှတ်ယူနိုင်ပေသည်။ စစ်မှန်သော တာဝန်ခံမှု ရှိစေရန် အတွက် သီးခြားလွတ်လပ်သော၊ ပွင့်လင်းမြင်သာမှု ရှိသော၊ အရပ်သား ဦးဆောင်သော စနစ်များ လိုအပ်ကာ ၎င်းစနစ်များသည် ဘက်လိုက်မှု ကင်းရှင်းခြင်းကို အာမခံပေးကာ အများ ယုံကြည် လက်ခံနိုင်စွမ်းနှင့် လူထု ယုံကြည်မှုကိုလည်း မြှင့်တင်ရာ ရောက်ပါသည်။ တရားမျှတမှု၊ အလျော်အစားပေး ကြေအေးခြင်းနှင့် နောက်တဖန် မဖြစ်စေရေး အတွက် အာမခံခြင်းများ ဆိုင်ရာ အခွင့်အရေးများ ပေးအပ်နိုင်သည့် တရားသဖြင့် ပြန်ဖြစ်စေသော (transitional justice) ဖြစ်စဉ်များမှ တဆင့် တာဝန်ခံမှု အားကောင်းစေရန် လုပ်ဆောင်ရမည် ဖြစ်ပြီး ယခု လက်ရှိအချိန်တွင် ထိုဖြစ်စဉ်များ အားလုံး ကင်းမဲ့နေပါသည်။

၆၀။ အလားတူပင် အစိုးရ အာဏာပိုင်များသည် “တရားဥပဒေ စိုးမိုးရေး” (the rule of law) ကို အာရုံစိုက်ချိန်တွင် “ဥပဒေနှင့် အမိန့်ပေးမှု” (law and order) ချဉ်းကပ်မှု ပုံစံထက် ကျော်လွန် လုပ်ဆောင်ရန် လိုအပ်လှပေသည်။ “ဥပဒေနှင့် အမိန့်ပေးမှု” (law and order) ဆိုင်ရာ ချဉ်းကပ် လုပ်ဆောင်မှုသည် အလုံးစုံ ပါဝင်စေရေးနှင့် ဖိနှိပ်မှုရှိသော မူဝါဒများနှင့် အရိုးစွဲနေပြီ ဖြစ်သော ခွဲခြားဆက်ဆံမှု ရှိသော သဘောတရားများအား အကောင်အထည် ဖော်ရန် အကြောင်းပြချက် ပေးသကဲ့သို့ ရှိနေပါသည်။ သတင်းမီဒီယာ သမားများ၊ လှုပ်ရှားတက်ကြွသူများနှင့် လူမှုအဖွဲ့အစည်းများသည် အနှောင့်အယှက် ကင်းရှင်းစွာနှင့် သီးခြား လွတ်လပ်စွာ လုပ်ဆောင်ခွင့် ရှိရမည် ဖြစ်သလို အရေးယူ နှောင့်ယှက်ခံမှုအား စိုးရိမ်ပူပန်မှု မရှိပဲ ၎င်းတို့၏ အခွင့်အရေးကို ကျင့်သုံးနိုင်ရန် ၎င်းတို့၏ သဘောထား အမြင်များကို ထုတ်ဖော် ပြောကြားခွင့်ပြုသင့်ပါသည်။ ဒီမိုကရေစီ စနစ်နှင့် တရားဥပဒေ စိုးမိုးရေး အပေါ် တည်ဆောက်ထားသော ရှင်သန်အားကောင်းသည့် နိုင်ငံ တစ်နိုင်ငံသည် သီးခြား

လွတ်လပ်သော အသံရှုထောင့်များနှင့် လူ့အခွင့်အရေး ဆိုင်ရာ အထူး လုပ်ပိုင်ခွင့် ရှိသော အင်စတီကျူးရှင်းများ အပါအဝင် အခြား သီးခြားလွတ်လပ်သည့် အင်စတီကျူးရှင်းများအား လိုအပ်သလို ခွဲခြားဆက်ဆံမှု မရှိပဲ လူ့အသိုင်းအဝန်း အားလုံးအပေါ် လေးစားတန်ဖိုးထား တတ်ရန် လိုအပ်ပါသည်။ ထိုသို့သော အပြောင်းအလဲများ မပေါ်ပေါက်လာသေးသ၍ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ရေရှည်ဖွံ့ဖြိုးရေးသို့ ရှေးရှုသော စစ်မှန်သည့် လမ်းစဉ်အား မရရှိနိုင်ပေ။

# ၄။ အကြံပြု တိုက်တွန်းချက်များ

၆၁။ မြန်မာနိုင်ငံ လူ့အခွင့်အရေး ဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) အပါအဝင် မဟာမင်းကြီးရုံးနှင့် လူ့အခွင့်အရေး စနစ်များက အစီရင်ခံထားသော ယခင် အစီရင်ခံစာများ၌ ပါဝင်သည့် အကြံပြု တိုက်တွန်းချက်များကို ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) အနေဖြင့် ထပ်လောင်း ဖော်ပြလိုပါသည်။ (OHCHR) သည် အောက်ဖော်ပြပါ အချက်များကို ထပ်တိုး အကြံပြုပါသည်။

(က) မြန်မာနိုင်ငံ အစိုးရသို့

(၁) နိုင်ငံအဝှမ်း အပစ်အခတ်ရပ်စဲရေး ရရှိရန်နှင့် လူသားချင်း စာထောက်ထားမှု ဆိုင်ရာ အထောက်အပံ့များအား တားဆီးပိတ်ပင်နေမှု အပါအဝင် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေတွင် ဖော်ပြထားသော အကြမ်းဖက်မှုများ အဆုံးသတ်ရန် ချက်ချင်း ဆောင်ရွက်ပါ။

(၂) ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များရှိ စစ်ရာဇဝတ်မှုများနှင့် လူသားတမျိုးနွယ်လုံး အပေါ် သက်ရောက်သည့် ရာဇဝတ်မှုများ အပါအဝင် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေအား ချိုးဖောက်မှုများ အားလုံးနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အားလုံး အပေါ် စွပ်စွဲချက်များအား သီးခြားလွတ်လပ်သော၊ ဘက်လိုက်မှုကင်းသော၊ နှံ့စပ်စုံလင်သော စုံစမ်းစစ်ဆေးရေးများအား မဆိုင်းမတွပဲ ဆောင်ရွက်ပါ။ ယင်းနောက် ရာဇဝတ်မှု ကျူးလွန်သူများအား ပွင့်လင်းမြင်သာမှုနှင့် လက်ခံ ယုံကြည်နိုင်သော လုပ်ထုံးလုပ်နည်းများမှ တဆင့် တရားမျှတမှုကို ဖော်ဆောင်ပါ။

(၃) ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ အခြားဒေသများ၌ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများ ဖြစ်ပွားခဲ့ကြောင်း အသိအမှတ်ပြုပါ။ ပြစ်မှု ကျူးလွန်သူများအား ဖော်ထုတ်နိုင်ရန်နှင့် တာဝန်ယူ ပြစ်ဒဏ်ကျခံစေရန် တိကျပြတ်သားသော စီမံဆောင်ရွက်ချက်များ ချမှတ် အကောင်အထည် ဖော်ပါ။ ကျူးလွန်ခံရသူများ အတွက် ကျန်းမာရေး ဝန်ဆောင်မှုနှင့် စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးရာ အကူအညီများ ရရှိဖို့ ဆောင်ရွက်ပါ။

(၄) တရားဥပဒေ စိုးမိုးရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အခြေခံမှုများအား စွဲမြဲစွာ ထိန်းသိမ်းနိုင်ရန် အလို့ငှာ ပူးပေါင်းဆောင်ရွက်ခွင့်နှင့် လူအများ ပါဝင်နိုင်ခွင့် ရှိသော ချဉ်းကပ်မှုမှ တဆင့် အင်စတီကျူးရှင်းများ ဖွဲ့စည်း တည်ထောင်ခြင်းနှင့် ဖွဲ့စည်းပုံ ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အပါအဝင် တရားစီရင်ရေး သီးခြားလွတ်လပ်စေရန် ကြိုးပမ်းမှုများ နှင့် အရပ်သား ထိန်းချုပ်မှု အားကောင်းစေသည့် လုံခြုံရေး ကဏ္ဍ ပြုပြင်ပြောင်းလဲရေး ဆိုင်ရာ ကြိုးပမ်းမှုများကို အားဖြည့်ပံ့ပိုးပေးပါ။

(၅) ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး (OHCHR) အား မြန်မာနိုင်ငံအတွင်း ဝင်ခွင့်ပြုရန်၊ (OHCHR) ရုံး အခြေစိုက် ဖွင့်ခွင့်ပြုရန် ပံ့ပိုးပေးပါ။ နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု၌ (OHCHR) နှင့် ပူးတွဲ လုပ်ဆောင်ပါ။

(၆) တိုင်းရင်းသား လူမျိုးနှင့် နိုင်ငံသားပြုခြင်း အကြား ချိတ်ဆက်မှုကို ပယ်ဖျက်ခြင်းဖြင့် (၁၉၈၂) ခုနှစ် နိုင်ငံသား ဥပဒေအား ပြင်ဆင်ပါ။ ရိုဟင်ဂျာ လူမျိုးအား နိုင်ငံသား ဖြစ်ခွင့် ပြန်လည် ပေးအပ်ပါ။

(၇) အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများနှင့် အညီ စစ်ရှောင်ဒုက္ခသည်များ အတွက် ရေရှည်တည်တံ့မည့် ဖြေရှင်းချက် ရရှိရန် အရေးယူ ဆောင်ရွက်ပြီး ဒုက္ခသည် စခန်းများ ပိတ်သိမ်းရေး အတွက် အမျိုးသား အဆင့် မူဝါဒအား အကောင်အထည် ဖော်ဆောင်ပါ။

(၈) မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်သည် ပဲရစ် အခြေခံမူများအား အပြည့်အဝ လိုက်နာစေရန် အရေးယူ ဆောင်ရွက်ပါ။ ထိုကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်ရာ၌လည်း ပွင့်လင်းမြင်သာရှိသော လုပ်ငန်းစဉ်မှ တဆင့် ဆောင်ရွက်ပါ။ ကော်မရှင် အဖွဲ့တွင် လူမှု အဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် လူမျိုးစု လူနည်းစု အုပ်စုများမှ ကိုယ်စားလှယ်များ ပါဝင်ပါစေ။

(၉) (၂၀၁၆) ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြေအသုံးချမှု မူဝါဒနှင့် အညီ ဆောင်ရွက်မည့် မြေယာ စီမံခန့်ခွဲရေး ဆိုင်ရာ မူဘောင် တစ်ရပ် ပေါ်ပေါက်လာမည့် အချိန်အထိ (၂၀၁၂) ခုနှစ် လယ်ယာမြေ ဥပဒေ၊ (၂၀၁၂) ခုနှစ် မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေနှင့် (၁၉၈၄) ခုနှစ် မြေသိမ်းဆည်းရေး ဥပဒေ/ (၂၀၁၉) ခုနှစ် မြေသိမ်းဆည်းခြင်း၊ ပြန်လည် နေရာချထားခြင်းနှင့် ပြန်လည် ထူထောင်ခြင်း ဆိုင်ရာ ဥပဒေများ အရ မြေသိမ်းဆည်းခြင်းများ ဆောင်ရွက် အကောင်အထည် ဖော်နေမှု အပေါ် တရားဝင် ဆိုင်းငံ့စာ ထုတ်ပြန်ပါ။

(၁၀) ဒီမိုကရေစီ လူ့ဘောင် အဖွဲ့အစည်း အတွင်း သတင်းမီဒီယာနှင့် လူမှု အဖွဲ့အစည်းများ၏ စံနှုန်းတန်ဖိုးများအား လူသိရှင်ကြား ထုတ်ဖော် အသိအမှတ်ခြင်းနှင့် ၎င်းတို့၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအား ကျင့်သုံးနေခြင်း အပေါ် ရာဇဝတ်မှု အဖြစ် အရေးယူခြင်းကို ရပ်တန့်ခြင်းအားဖြင့် သတင်း မီဒီယာနှင့် လူမှု အဖွဲ့အစည်းများ သီးခြားလွတ်လပ်မှု ရှိစေရန် အထောက်အကူပြုသော ပတ်ဝန်းကျင် တစ်ရပ်အား ဖော်ဆောင်ပါ။

(၁၁) သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ တရားရေးနှင့် တာဝန်ခံမှု ဆိုင်ရာ စနစ်များနှင့် အသစ် ခန့်အပ်ခြင်းခံရသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ ဆိုင်ရာ လူ့အခွင့်အရေး အထူး ကိုယ်စားလှယ်အား အဓိပ္ပာယ်ရှိစွာ ပူးပေါင်းဆောင်ရွက်ပါ။

(ခ) မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသို့

နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေတွင် ဖော်ပြထားသော ရန်လိုတိုက်ခိုက်မှုများ၊ အကြမ်းဖက်မှုများနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေတွင် ဖော်ပြထားသော အမြတ်ထုတ် ချိုးဖောက်မှုများအား အဆုံးသတ်စေမည့် ဆောင်ရွက်ချက်များ အားလုံး အကောင်အထည် ဖော်ဆောင်ပါ။

(ဂ) မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အဖွဲ့အစည်း ရုံးများသို့

(၁) အချက်အလက် ရှာဖွေရေး အဖွဲ့ (FFMM) ၏ အကြံပြု တိုက်တွန်းချက်များအား အကောင်အထည် ဖော်ဆောင်ရန် ဆက်လက် ကြိုးပမ်းပါ။ အပြည်ပြည်ဆိုင်ရာ ဥပဒေ အောက်၌ ဖော်ပြထားသော ကြီးလေးသည့် ရာဇဝတ်မှုများအား ကျူးလွန်ထားသူတို့ အပေါ် တာဝန်ခံ အရေးယူရန် အတွက် ကျူးလွန်ခံထားရသူများ၏ အခွင့်အရေးအား

အသိအမှတ်ပြုရန်နှင့် ရာဇဝတ်မှု ထပ်မံကျူးလွန်မှု အပေါ် တားဆီးရန် အဓိကထားသည့် ရှုထောင့်စုံ ခြုံငုံသည့် ပြောဆိုဆက်ဆံမှုမျိုးဖြင့် စဉ်ဆက်မပြတ် အရေးဆိုတိုက်တွန်းပါ။

(၂) မြန်မာနိုင်ငံအတွင်းရှိ ပရိဂရမ်များအား အကောင်အထည် ဖော်ဆောင်ရာတွင် လူ့အခွင့်အရေး အခြေပြု ချဉ်းကပ်မှုနှင့် သတိကြီးစွာ အဆင့်လိုက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များဖြင့် ပူးပေါင်းဆောင်ရွက်ပါ။